


# သမိုင်းတဖြတ်အမြင်နဲ့ လူတတ်မလုပ်ချင်ပါနဲ့ တိုင်းပြည်အနာဂါတ် အရေးမို့ပါ

## အပိုင်း (၁)

(ခေတ်နှစ်ခေတ် တိုက်ပွဲနှစ်ခုရဲ့ ခေါင်းဆောင်မှုကို နှိုင်းယှဉ်ဆန်းစစ် တင်ပြဖို့ ကြိုးစားရင်း အနှစ် (၂၀) ကျော် တိုက်ပွဲရဲ့ သုံးသပ်ချက်အကျဉ်းချုပ် စာတမ်းငယ်လို ဖြစ်သွားပါတယ်။ အကိုးအကား စာအုပ်စာတမ်း ခေါင်းပါးတာကြောင့် ကျောင်းကြီးဆင်း လူတတ်များလို ဖုနတ်(Foot-note) တွေ၊ အင်နတ်(in-note)တွေ ဘေးနတ်(margin-note) တွေနဲ့ သက်သေမထူနိုင်တော့ပါဘူး။ စိတ်သာရင်စေ ဘုရားဟောဆိုတဲ့ စကားကို အားကိုးတင်ပြလိုက်ပါတယ်။ အတ္တာနောမတိ အမြင်နဲ့သာ ဝေဘန်ဖတ်ရှုကြပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ အချက်အလက်အမှား၊ ကောက်ချက်အမှားများကို ထောက်ပြမယ်ဆိုရင် အထူးကျေးဇူးတင်ပါတယ်။)

ကျုပ်တို့အဖြစ်က မောင်းကြီးကျကွဲကာမှ ဥက္ကဋ္ဌကြီး လုပ်ပါဦးဆိုသလိုဖြစ်နေပြီ။ တခါတုန်းက ရွာတရွာမှာ ဘုရားပွဲလုပ်ဖို့ အလှူခံထွက်ကြတယ်။ ဘုန်းကြီးကျောင်းက မောင်းကြီးကိုငှားပြီး လူငယ် လူရွယ်တွေထွက်ကြတယ်။ အထိန်းအကျောင်းအဖြစ် လူကြီးတဦးလည်းပါတယ်။ ဒီလူကြီးကြောင့် ခရီးမတွင်ဘူးလို့ လူငယ်တွေက ထင်ကြတယ်။ လူကြီးကလည်း တုံ့နှေးနှေးနဲ့ စည်းကမ်းတကျရှိဖို့ ဟိုဟာမလုပ်နဲ့ ဒီဟာလုပ်နဲ့လို့ ထိန်းကျောင်းတယ်။ ဒါကို လူငယ်တွေက သူတို့ဘာသာ လုပ်နိုင်တဲ့ အလုပ်ကို ဒီလူကြီးပါလာတာ အပိုပဲ။ ဗျစ်တောက် ဗျစ်တောက်နဲ့ နားငြီးတယ်လို့ ထင်တယ်၊ အလုပ်ရှုပ် တယ်လို့ ထင်တယ်။ ဒီလိုနဲ့ သွားကြရင်း တယောက်ကိုတယောက် တွက်ကပ်တွန်းတိုက်ကြရင်း ငှားလာတဲ့မောင်းကြီး ကျကွဲသွားလေရော။ အဲဒီတော့မှ ဥက္ကဋ္ဌကြီး လုပ်ပါဦး၊ ဥက္ကဋ္ဌကြီး လုပ်ပါဦးနဲ့ ဝိုင်းအော်ကြသတဲ့။ အော်ရမှာပေါ့ မောင်းကြီးက ငှားလာတာဆိုတော့ လျော်ရမှာကိုး။

### တန်ဘိုး မညှိအပ်တဲ့အရာ

ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခေါင်းဆောင်မှုနဲ့ပတ်သက်ပြီး ဝေဘန်ဆွေးနွေးကြရာမှာ မှတ်ချက် ပေးကြတဲ့ တချို့သောစာဖတ်သူတွေကတော့ အမည်မဖော်သော်လည်း ရိုးသားစွာနဲ့ သူတို့အမြင်တွေကို တင်ပြထားတယ်လို့မြင်ပါတယ်။ ဒီအမြင်တွေထဲမှာ တချို့သောလူတတ်ကြီးများရဲ့ သမိုင်းတဖြတ် အမြင်နဲ့ မနူးမနပ်စကားတွေကို နားယောင်ပြီး ဒေါ်အောင်ဆန်းစုကြည်ကို သူ့အဖေ ဗိုလ်ချုပ်အောင် ဆန်းနဲ့ နှိုင်းယှဉ်ကာ ပြစ်တင်ဝေဘန်ထားတာ ဂုဏ်အရည်အသွေးကို ထိပါးတဲ့ ကောက်ချက်တွေ ပြုထားတာကို တွေ့ရပါတယ်။
ဒီကောက်ချက်တွေကို "ဆလံတင်တယ် မျိုးဆက်သစ်ရယ်ဆိုတဲ့ ဝိုခြင်းတပုဒ် ရေးခဲ့ခြင်တယ်" လို့ လူငယ်တွေကို အားမလိုအားမရ မှတ်ချက်ချခဲ့တဲ့ တမလွန်က ဆရာကြီး ဒေါက်တာသန်းထွန်း သာကြားရင် ဆယ်ခါပြန် ဆလံတင်ပြီး ဝိုခြင်းဆယ်ပုဒ်လောက်များ ရေးလေမလား မသိပါဘူး။
ဒါဟာ မနှိုင်းယှဉ်သင့်တာကို နှိုင်းယှဉ်တာဖြစ်တယ်။ နိုင်ငံရေးမှာ အကြောင်းအရာတခု (လူ၊ အဖြစ်အပျက်၊ လုပ်ငန်းစဉ်၊ အယူအဆစသည်) ကို တခြားအကြောင်းအရာတခုနဲ့ ပုံတူပြုနိုင်တာ ရှိသလို မပြုနိုင်တာလဲ ရှိတယ်။ နှိုင်းယှဉ်ချိန်ထိုးလို့ ရတာလည်း ရှိသလို မရတာလည်း ရှိတယ်။ တန်ဘိုးညှိလို့ ရတာရှိသလို တန်ဘိုးညှိမရတာတွေလည်း ရှိတယ်။ အရှိတရားအရ ဖြစ်တည်မှု (အချိန်၊ နေရာ၊ ဝန်းကျင်၊ အဖြစ်အပျက်) သီးခြားဖြစ်မှုကြောင့် ဖြစ်တယ်။ မတူညီမှုကြောင့် ဖြစ်တယ်။
အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းနဲ့ သူ့ရဲ့သမီး လက်ရှိလူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တို့ဟာ နေရာ(တိုင်းပြည်)တခုသာ တူညီပြီး ကျန်တဲ့အချက်တွေ ကွဲပြားခြားနားတဲ့ လူမှုလှုပ်ရှားမှု တခုကို ဦးစီးဦးဆောင် ပြုကြတယ်။ ဒီနှစ်ခုကို နှိုင်းယှဉ် ချိန်ထိုးလို့ မရပါဘူး၊ တန်ဘိုးညှိလို့ မရပါဘူး။
ဗိုလ်ချုပ်အောင်ဆန်းဟာ တိုင်းပြည်ခေါင်းဆောင်အဖြစ် တို့ဗမာအစည်းအရုံးမှာ အတွင်းရေးမှူးလုပ်ခဲ့တဲ့ (၁၉၃၉) ကနေ လုပ်ကြံခံရတဲ့(၁၉၄၇)အထိ (၈) နှစ်တာ ကာလအတွင်းမှာ ပြည်သူတွေလိုလားတဲ့ လွတ်လပ်ရေး အရယူပေးသွားနိုင်ခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကတော့ လူထုခေါင်းဆောင်အဖြစ် အနှစ်(၂၀)ကျော်လာ တာတောင် လူထုလိုလားတောင့်တမှုကို ပြည့်ဝအောင် မဆောင်ရွက်နိုင်သေးပါဘူး။ ဒါကြောင့် ဒေါ်အောင်ဆန်းစုကြည်ဟာ ဗိုလ်ချုပ်အောင်ဆန်းလောက် မတော်ဘူး၊ တာဝန်မကျေဘူးလို့ပြောရင် ဒါဟာ သမိုင်းအမြင် နိုင်ငံရေးအမြင် ခေါင်းပါးတဲ့ ကောက်ချက်တခု ဖြစ်ပါတယ်။

### လူပုဂ္ဂိုလ်က နှစ်ဦး

ဗိုလ်ချုပ်အောင်ဆန်း ဒီလို(၈)နှစ်တာကာလအတွင်းမှာ အမျိုးသားရည်မှန်းချက်ကို အောင်မြင် ပေါက်မြောက်အောင် ဆောင်ရွက်နိုင်ခဲ့တာမှာ သူကိုယ်တိုင်ရဲ့ ကိုယ်စွမ်းကိုယ်စတွေကြောင့်လဲ ပါသလို သူဦးဆောင်မှု ပေးခဲ့ရတဲ့ (သို့မဟုတ်) သူ့ကိုဝန်းရံထောက်ကူခဲ့တဲ့ ကျောထောက်နောက်ခံ ခေတ်စနစ်

လူထုနဲ့ အဖွဲ့အစည်းများရဲ့ အခန်းကဏ္ဍကလည်း အရေးကြီးပါတယ်။ အဲဒီ့ ကျောထောက်နောက်ခံ အခြေအနေများက အောင်ပွဲခံ နိုင်လောက်တဲ့ အခြေအနေတွေ ရှိပြီးဖြစ်တယ်။ တနည်းပြောရရင် အခြေအနေတွေက ရင့်မှည့် ပြည့်စုံနေပြီလို့ ပြောလို့ရပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းဟာ ဘီအိုင်အေခေါင်းဆောင်၊ လွတ်လပ်ရေးယူခဲ့တဲ့ ဖဆပလ ခေါင်းဆောင် မဖြစ်ခင်တည်းက နိုင်ငံရေးတာဝန် အဖွဲ့အစည်းတာဝန်တွေ ထမ်းဆောင်ပြီး အတွေ့အကြုံတွေ ဖြည့်ဆည်းပြီးဖြစ်တယ်။ လက်နက်ကိုင်တော်လှန်ရေးလုပ်ဖို့ ထွက်လာကြတဲ့ တချို့သော ကျနော်တို့(၈၈)မျိုးဆက်တွေက ကိုအောင်ဆန်း ဂျပန်တွေဆီမှာ လပိုင်းလောက် စစ်ပညာ သင်ပြီး ဗိုလ်ချုပ်ဖြစ်လာတာလောက်ပဲ မြင်ကြတယ်။ ဒီ့အရင်က သူ့ရဲ့နိုင်ငံရေး ဖြည့်ဆည်းမှုတွေကို မမြင်ကြဘူး။ သူ့ကို အားကျပြီး သင်တန်းတက်၊ တပ်ထောင် ဗိုလ်ချုပ် လုပ်ဖို့လောက်ပဲ စိတ်ကူး ယဉ်ကြတယ်။ တကယ်တော့ ဗိုလ်ချုပ်အောင်ဆန်းဟာ ဗိုလ်ချုပ်ဖြစ်လောက်တဲ့ အမျိုးသားတပ် ပေါင်းစုကြီးတခုရဲ့ ခေါင်းဆောင်ဖြစ်လောက်တဲ့ အတွေ့အကြုံများနဲ့ လေ့လာဆည်းပူးမှုတွေကို လုပ်ခဲ့ပြီးဖြစ်တယ်။ ဆိုချင်တာက သူဟာ သူယူမည့် အနာဂါတ်တာဝန်တွေကို ထမ်းဆောင်ဖို့ လိုအပ်တဲ့ အရည်အချင်းတွေကို ကျောင်းသားဘဝကတည်းကစလို့ တိုက်ပွဲရေစီးမှာ တဆက်တစပ်ထည်း လက်တွေ့ပါဝင် ဆည်းပူးဖြည့်ဆည်းခဲ့ပြီးဖြစ်တယ်။

ဒေါ်အောင်ဆန်းစုကြည်ကတော့ သူ့အဖေနဲ့ ခြားနားတဲ့ ဖြတ်သန်းမှုတွေ ရှိခဲ့တယ်။ သူကိုယ်တိုင်က သူဦးဆောင်ရမည့် လူထုနဲ့ နှစ်ကာလရှည် ကင်းကွာနေရာက ပြင်းထန်တဲ့ နိုင်ငံရေးမုန်တိုင်းထဲကို ဖြုန်းစားကြီး ဝင်ရောက်လာရတာဖြစ်တယ်။ ဒါကြောင့်သူ့အနား ဝိုင်းအုံလာကြတဲ့သူတွေကို အဖြူအမည်း မခွဲခြားနိုင်ဘဲ တွေ့ရာအကုန် လက်ခံလိုက်ရတဲ့ အခြေအနေဖြစ်တယ်။ အချိန်က အခမ္ဘတွန်းတိုက်တာကို ခံလိုက်ရတဲ့ အခြေအနေမျိုးဖြစ်တယ်။ သူကိုယ်စားပြုမည့် အဖွဲ့အစည်းကို စနစ်တကျ ပြင်ဆင်ဖွဲ့စည်းပြီး ဦးဆောင်ခဲ့ရတာ မဟုတ်ဘူး။

## ခေတ်က နှစ်ခေတ်

ဗိုလ်ချုပ်အောင်ဆန်း ကျင်လည်လှုပ်ရှားခဲ့ရတဲ့ ခေတ်စနစ်နဲ့ နောက်ခံအခြေအနေတွေက ဒေါ်စုကျင်လည်ရတဲ့ အခြေအနေများထက် အများကြီးသာလွန်တယ်လို့ ဆိုနိုင်ပါတယ်။ အင်္ဂလိပ်က ဗမာပြည်ကို ကိုလိုနီပြု အုပ်ချုပ်နေတယ် ဆိုပေမယ့် လစ်ဘရယ်ဒီမိုကရေစီ အခွင့်အရေးတွေကို တစိတ်တပိုင်း ပေးထားတယ်။ လွတ်လပ်စွာ စည်းရုံးလှုပ်ရှားခွင့်ရှိတယ်။ တစုံတရာ ပွင့်လင်း လွတ်လပ်တဲ့ တရားစီရင်ရေး စနစ်တွေ ရှိတယ်။ ဒါကြောင့် ကိုယ့်ကိုကိုယ် ခုခံကာကွယ်ခွင့်တွေ ရှိတယ်။ ကိုလိုနီနယ်ချဲ့တွေရဲ့ စိတ်သဘောထားကောင်းမှုကြောင့် ဒီအခွင့်အရေးတွေကို ပေးထားတာ မဟုတ်ပါဘူး။ ဥပဒေကို ရိုသေ လေးစားတတ်တဲ့ အင်္ဂလိပ်လူမျိုး၊ အင်္ဂလိပ်လူထုတွေကြောင့် ဖြစ်တယ်။

လစ်ဘရယ်စနစ်အရ အင်္ဂလိပ်လူထုဆီမှာ တိုင်းပြည်ရေးရာကို မေးမြန်းခွင့်၊ စုံစမ်းခွင့်၊ ကန့်ကွက်ခွင့်နဲ့ ရွေးကောက်ပွဲမှာ မဲပေးဆုံးဖြတ်ခွင့်တွေရှိတယ်။ ဒါကြောင့် အဲဒီ့အချိန်က ဗြိတိသျှအင်ပါယာထဲက ကိုလိုနီ နိုင်ငံတွေရဲ့အရေးကိုပါ မေးမြန်းစုံစမ်းခွင့် ဆုံးဖြတ်ခွင့် ရှိကြပြန်တယ်။ ဗမာပြည်ကို နယ်ချဲ့သိမ်းပိုက်ပြီး သွေးစုပ် အမြတ်ထုတ်ခွင့်တွေ ရနေကြတဲ့ အရင်းရှင်များနဲ့ သူတို့ရဲ့ အပေါင်းအဖေါ် နယ်ချဲ့ဝါဒီ နိုင်ငံရေးသမားတွေအလို အတိုင်းဆိုရင် ဒီအခွင့်အရေးတွေ ရစရာမရှိသလို လွတ်လပ်ရေးလည်း အဲဒီ့အချိန်က ရစရာမရှိပါဘူး။

အင်္ဂလန်ပါလီမန်မှာ ဗမာပြည်ဥပဒေကြမ်း တင်သွင်းတော့ အရင်းရှင်များနဲ့ သူတို့ကို ကျောထောက် နောက်ခံပြုထားတဲ့ ကွန်ဆာဗေးတစ်ပါတီက အပြင်းအထန် ကန့်ကွက်ပါတယ်။ သူတို့ခေါင်းဆောင် ဝင်စတန်ချာချီက ဗမာပြည်ဟာ လွတ်လပ်ရေးနဲ့ မထိုက်တန်ဘူးလို့ ပြောခဲ့ပါတယ်။ ဒီမိုကရေစီအရ မဲရှုံးလို့ လက်ခံလိုက်ကြရတာ ဖြစ်တယ်။ ဗမာပြည်ကို လွတ်လပ်ရေး ပေးခဲ့ရတယ်။ (ဒါတောင် ဗမာပြည်မှာ သူတို့ရဲ့ သွေးစုပ် အမြတ်ထုတ်ခွင့်တွေ ဆုံးရှုံးခဲ့ရတဲ့ အရင်းရှင်တွေနဲ့ ပေါင်းပြီး လွတ်လပ်ပြီးစ ဗမာပြည်အစိုးရကို နောက်ယှက်ဖို့ တောင်တန်းသား မိတ်ဆွေများအသင်းဆိုပြီး ထူထောင် လှုပ်ရှားခဲ့ကြပါသေးတယ်။)

ဒေါ်အောင်ဆန်းစုကြည် ရပ်တည်လှုပ်ရှားနေရတဲ့ နိုင်ငံရေးစနစ်ကတော့ ကမ္ဘာမှာ အကြမ်းဆုံး၊ အရက်စက်ဆုံးနဲ့ အယုတ်ဆုံးလို့ မှတ်တမ်းတင်ထားရတဲ့ စစ်အာဏာရှင်စနစ်ဖြစ်တယ်။ လွတ်လပ်တဲ့ တရားစီရင်ရေးတို့ အခြေခံလူ့အခွင့်အရေးတို့ဆိုတာ လုံးဝဆိတ်သုဉ်းနေတယ်။ ကိုယ့်တံတွေးကိုယ် ပြန် မြိုရတဲ့ ပြိတ္တာလို စစ်အာဏာရှင်တွေဖြစ်တယ်။ ကိုယ်ကိုးကွယ်တဲ့ ဘာသာသာသနာကို ပြစ်မှားစော် ကားရဲတဲ့မိစ္ဆာတွေဖြစ်တယ်။ လူစိတ်ကင်းပြီး လက်နက်အားကိုးနဲ့ကြောက်ရမ်းရမ်းနေသူတွေ ဖြစ်တယ်။

## ဗိုလ်ချုပ်တို့ခေတ် ဗိုလ်ချုပ်တို့ကမ္ဘာ

(၂၀) ရာစုက စတင်ရေတွက်ရမယ့် ခေတ်သစ်ကမ္ဘာ့နိုင်ငံရေးပုံစံထဲမှာ လူမျိုး နိုင်ငံတွေရဲ့တည်ရှိမှုနဲ့ အချုပ်အခြာနိုင်ငံရေးဟာ အပြန်အလှန်ဆက်နွယ်မှု တနေ့တခြား ပိုပြီး ကျယ်ပြန့်ကြီးထွားလာနေတယ်။ ဒါကြောင့် တနိုင်ငံရဲ့နိုင်ငံရေးဖြစ်စဉ်ဟာ တခြားနိုင်ငံတွေကိုပါ ရိုက်ခတ်မှုလွှမ်းမိုး အကျိုးသက်ရောက်မှုတွေလည်း ပိုပြီးကြီးထွားလာတယ်။ ဘယ်နိုင်ငံမှ သီးခြား ကင်းလွတ်စွာ ရပ်တည်ပြီးနေလို့မရတဲ့ အခြေအနေဖြစ်တယ်။ သဘာဝကျစွာပဲ အင်အားကြီးတဲ့ နိုင်ငံတွေက ကမ္ဘာ့နိုင်ငံရေးပုံစံနဲ့ နိုင်ငံတကာဖြစ်စဉ်တွေအပေါ်မှာ ပိုပြီးသြဇာ သက်ရောက်တယ်။ တခါတခါ အဆုံးအဖြတ် တောင်ဖြစ်သွားတတ်တယ်။ ဒီတော့ ဗမာပြည်နိုင်ငံရေးဖြစ်စဉ်ကလည်း ဒီကမ္ဘာ့နိုင်ငံရေးပုံစံနဲ့ နိုင်ငံတကာ နိုင်ငံရေးဖြစ်စဉ်တွေကနေ မကင်းလွတ်ဘူး။ သြဇာ သက်ရောက်နေတယ်။

ဗိုလ်ချုပ်အောင်ဆန်းခေတ်အခါက ကမ္ဘာ့နိုင်ငံရေးမှာ ကမ္ဘာ့အင်အားကြီးတွေ ကိုလိုနီနယ်တွေကို ပြန်လည်ဝေခြမ်းရေးလုပ်ဖို့ အချင်းချင်း နယ်လုစစ်ပွဲတွေ ဆင်နွှဲနေပြီ။ ဒါကြောင့် ဘယ်တုန်းကမှ လူရာမသွင်းခဲ့တဲ့ အင်အားသေးငယ်တဲ့ နိုင်ငံတွေ၊ ကိုလိုနီလက်အောက်ခံ နိုင်ငံတွေကိုပါ သူ့ဘက်ကိုယ့်ဘက် အပါ အပြိုင်အဆိုင် စည်းရုံးနေရချိန်ဖြစ်တယ်။ ဒီအခြေအနေကို အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲနဲ့ ပီပြင်တဲ့ စည်းရုံးရေးရှိတဲ့ ကိုလိုနီလက်အောက်ခံ နိုင်ငံတွေက အဲဒီကမ္ဘာ့နိုင်ငံရေး ရေစီးကို အသုံးချ အမြတ်ထုတ် နိုင်ခဲ့ကြတယ်။
ဗမာပြည်အနေနဲ့ကတော့ လွတ်လပ်ရေးခေါင်းဆောင်တွေဟာ ဒီကမ္ဘာ့နိုင်ငံရေးကို တွက်ချက်ပြီး "အင်္ဂလိပ်အခက် ဗမာ့အချက်" ဆိုတဲ့ ကြွေးကျော်သံနဲ့ စည်းရုံးပြင်ဆင်မှုတွေ လုပ်နိုင်ခဲ့ကြတယ်။ စစ်ပြီးချိန်မှာလည်း စစ်ပန်းနေတဲ့ အင်္ဂလိပ်ကိုလိုနီတွေကို အမျိုးသားညီညွတ်ရေးလည်း ရှိနေတော့ "ရရင်ရ မရရင်ချမယ်" ဆိုတဲ့ စိန်ခေါ်မှုနဲ့ အမျိုးသားရည်မှန်းချက် လွတ်လပ်ရေးကို ရယူနိုင်ခဲ့ကြတယ်။

## ဒီနေ့ခေတ်ကမ္ဘာထဲက ဗမာ

ဒီနေ့ခေတ် ကမ္ဘာ့နိုင်ငံရေး အခြေအနေက ဗိုလ်ချုပ်အောင်ဆန်းခေတ်က အခြေအနေနဲ့ အခြားနားကြီး ခြားနားသွားခဲ့ပြီ။ ဗမာပြည်သူတွေရဲ့ လွတ်မြောက်ရေး ကြိုးပမ်းမှုကို မျက်နှာသာမပေးဘူး။ ဒီခေတ်ဟာ ကိုယ်ကျိုးစီးပွား ပဓာနဝါဒ လွှမ်းမိုးနေတယ်။ တဖက်ဖက်ကို ရပ်တည် အသုံးချပြီး ကိုယ့်တိုက်ပွဲကို အရှိန်မြှင့်ဖို့ နိုင်ငံရေး ဂိုဏ်းကွဲနေတဲ့ စစ်အေးခေတ်လည်း ကုန်ဆုံးသွားခဲ့ပြီဖြစ်တယ်။ ပီပြင်တဲ့ နိုင်ငံရေး စုဖွဲ့မှုတော့ မရှိသေးဘူး။ ဒီအခြေအနေက နိုင်ငံငယ်တွေက ပြည်သူတွေရဲ့ လုံခြုံရေးကို ပိုပြီးအန္တရာယ်ပေးလာနိုင်တယ်။ နိုင်ငံရေးဝါဒထက် ကိုယ်ကျိုးစီးပွားအတွက် နိုင်ငံတိုင်းက နိုင်ငံတိုင်းနဲ့ ပေါင်းပြီး တခြားနိုင်ငံတွေအပေါ် အသာစီး ရအောင် အားထုတ်နေကြတယ်။ ကဏ္ဍကွဲပြားမှု၊ ဒေသကွဲပြားမှုအလိုက် တူရာစုဖွဲ့မှုတွေ လုပ်နေကြတယ်။ အားလုံးရဲ့ အခြေခံကတော့ ကိုယ်ကျိုးစီးပွားပဲဖြစ်တယ်။ နိုင်ငံရေးဝါဒအရ စုဖွဲ့မှုတွေကလည်း သဏ္ဍာန် သဘောလောက်တော့ ကျန်သေးတယ်။
နိုင်ငံတကာ အစည်းအဝေးတွေမှာ မိတ်ဆွေများက ဗမာပြည် ပြဿနာမှာ လူထုကလည်း ထောက်ခံပါရက်နဲ့ ဘာကြောင့် မအောင်မြင်တာလဲလို့ မေးကြပါတယ်။ နိုင်ငံကြီးတချို့က ပြည်တွင်းရေး သက်သက်လို့ အသံကောင်းဟစ်နေကြပေမယ့် ဗမာပြည်ပြဿနာဟာ ပြည်တွင်းရေးသက်သက် မဟုတ်တော့ပဲ နိုင်ငံတကာအရေး ( International Issue) လို ဖြစ်သွားလို့ ဖြစ်တယ်။ ပြည်တွင်းရေး သက်သက်သာဆိုရင် ပြီးခဲ့တာ ကြာပြီလို့ ဖြေခဲ့ပါတယ်။ တကယ်တမ်းလဲ ဒီသဘောသာ ဖြစ်ပါတယ်။
ဗမာပြည်ဟာ ထိုက်သင့်တဲ့ သယံဇာတနဲ့ ပထဝီနိုင်ငံရေး (Geo-politic) အရ အချက်အခြာကျတဲ့ နေရာမှာရှိတယ်။ ကမ္ဘာ့နိုင်ငံရေးမြေပုံ (Geo-politico-map) သတ်မှတ်တဲ့နေရာမှာ အရေးပါတဲ့ ဒေသကြီးတွေဖြစ်တဲ့ တောင်အာရှနဲ့ အရှေ့တောင်အာရှ ဒေသကြီးနှစ်ခုကို ပေါင်းကူးပေးထားတဲ့ အနေအထား ဖြစ်ပါတယ်။ တဖက်မှာလည်း ကမ္ဘာ့လူဦးရေအများဆုံးနဲ့ ထွန်းသစ်စ ကမ္ဘာ့အင်အားကြီး နိုင်ငံများ (Emerging Super Powers) လို့ ပြောနေကြတဲ့ အိန္ဒိယနဲ့၊ တရုတ်ကြားမှာ တည်ရှိသလို တခြားတဖက်မှာတော့ လူဦးရေ သန်း (၆၀၀) လောက်ရှိတဲ့ အာဆီယံ ဒေသကြီးကလည်း ရှိနေပြန်ပါတယ်။ ဒါတွေဟာ ဗမာပြည်အရေး နိုင်ငံတကာ ကိစ္စရပ် ဖြစ်သွားရတဲ့ အကြောင်းဖြစ်တယ်။
ဗမာပြည်ဟာ နိုင်ငံရေးအပြောင်းအလဲတခုကို ဦးတည်နေတယ်။ ဒီအပြောင်းအလဲဟာ မလွဲမသွေ ဖြစ်ပေါ်မှာလို့ ကမ္ဘာ့နိုင်ငံရေးမှာ ရှေ့တန်းကစားသမား နိုင်ငံကြီးတွေအားလုံး သိမြင် လက်ခံထားကြတယ်။ ဒီအပြောင်းအလဲ ဟာလည်း ဒေသတွင်းကိုသာမက ကမ္ဘာ့ပထဝီနိုင်ငံရေးကိုပါ အကျိုးသက်ရောက်မှု အားကောင်းတဲ့ အပြောင်းအလဲ ဖြစ်တယ်။ နိုင်ငံရေး ချိန်ခွင်လျှာကို ဆုံးဖြတ်နိုင်တဲ့ အပြောင်းအလဲတခုလည်း ဖြစ်နေပြန်တယ်။ ဒါကြောင့် ဒီနိုင်ငံကြီးတွေ ဗမာပြည်နိုင်ငံရေး အပြောင်းအလဲအပေါ် ကိုယ့်ဩဇာလွှမ်းမိုးနိုင်ဖို့ ကြိုးစားနေကြတာ ဖြစ်တယ်။ ကိုယ်ကျိုးစီးပွားကိုအခြေခံတဲ့ ပြိုင်ဆိုင်မှုဆိုတော့ ရေရှည်အကျိုးရလာဒ်(long-term interest) ထက် ရေတိုအကျိုးရလာဒ် (Short-term interest) ကို ဦးစားပေးကြတယ်။ ဗမာလူထုရဲ့ ဆန္ဒကို လစ်လျူရှုထား တယ်လို့ပြောရမယ့် အခြေအနေဖြစ်တယ်။ ဒီပြိုင်ဆိုင်မှုတွေကြောင့် စစ်အုပ်စုဟာ တစုံတရာသော အတိုင်းအတာအထိ အသက်ရှူချောင်ခဲ့တယ်။ သိသာအောင် အိမ်နီးချင်း တရုတ်နဲ့ အိန္ဒိယတို့ရဲ့ ဗမာပြည်အပေါ် ဆက်ဆံရေး သဘောထားကို လေ့လာကြည့်ပါ။ သူတို့အကြားက အားပြိုင်မှုကို တွေ့နိုင်ပါတယ်။

## တရုတ် အိန္ဒိယ ပြိုင်ဆိုင်မှု

ဗမာပြည်ရဲ့ တည်နေရာ အနေအထားဟာ တရုတ်နဲ့ အိန္ဒိယတို့အကြား တဦးကို တဦး အကျောပေးခံလို့ မရတဲ့ အခြေအနေပါ။ (၈၈) အရေးတော်ပုံ ပြီးစ ကာလမှာ စစ်အုပ်စုဟာ နိုင်ငံတကာမှာ ဆေးဖော်ကြောဖက် မရှိသလောက် နိုင်ငံရေးအထီးကျန်ဖြစ်ခဲ့တယ်။ ဒီနိုင်ငံတကာရဲ့ မဆက်ဆံရေးမှုနဲ့ အထီးကျန်ထား လစ်လျူ ရှုရေးမှုကို စပြီး ချိုးဖောက်တာက အိမ်နီးချင်း ထိုင်းနိုင်ငံအစိုးရ ဖြစ်တယ်။ အဲဒီအချိန်က ထိုင်းနိုင်ငံဝန်ကြီးချုပ် (Chavalit Yungchaiyudh) ကိုယ်တိုင်ဦးစီးပြီး စီးပွားရေးသမား အများစုပါတဲ့ ကိုယ်စားလှယ်အဖွဲ့ကြီးနဲ့ ဗမာပြည်ကို သွားကြတယ်။ စစ်အုပ်စုက ငါးဖမ်းလုပ်ကွက်တွေ၊ သစ်လုပ်ကွက်တွေနဲ့ တခြားအမြတ်ထုတ်သွေးစုပ်ခွင့်တွေကို အောက်ကြေးနဲ့ လာဒ်ထိုးလွှတ်လိုက်တယ်။ အမေရိကန်နဲ့ နီးစပ်တဲ့ နိုင်ငံခြားရေး မူဝါဒရှိတဲ့ ထိုင်းနိုင်ငံရဲ့ အပြုအမူကိုကြည့်ပြီး အနီးကပ်စောင့်ကြည့်နေတဲ့ တရုတ်ကြီးကလည်း (၈၈) အရေးအခင်း မတိုင်မီလေး(၁၉၈၇)ကမှ စစ်အုပ်စုနဲ့ရထားတဲ့ ကုန်သွယ်ရေး သဘောတူညီချက်တွေကို မီးကုန် ယမ်းကုန် အကောင်အထည်ဖော်တော့တယ်။ မလုပ်ရှင်းရှင်း လုပ်တင်းတင်းဆိုတဲ့

တရုတ်ကြီးဟာ နောက်ဆုံး စစ်အုပ်စုကို စစ်ရေးအကူအညီ ပေးတဲ့အဆင့်ထိ ရောက်လာတယ်။ နိုင်ငံတကာမှာ အားကိုးရာမဲ့နေတဲ့ စစ်အုပ်စုကလည်း အားထားရာ တရုတ်ကြီးကျေနပ်ဖို့ ရေရှည်အမျိုးသား အကျိုးစီးပွားကိုတောင် မငဲ့ကွက်ပဲ အစွမ်းကုန် လိုက်လျောပြီး အပေးအယူ လုပ်ခဲ့တယ်။

ဒီလို စစ်အုပ်စုအောက်က ဗမာပြည်ထဲမှာ စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေးပါမကျန် တရုတ်သြဇာ လွှမ်းမိုး လာတာကို မြင်နေရတော့ ပြိုင်ဘက်အိန္ဒိယက နေမထိထိုင်မသာ ဖြစ်လာတယ်။ အိန္ဒိယဟာ (၈၈) အရေးတော်ပုံ ကာလအတွင်းမှာကော နောက်ပိုင်းကာလတွေမှာပါ ဗမာလူထုရဲ့ တိုက်ပွဲကို အခိုင်အမာထောက်ခံအားပေးခဲ့တယ်။ ဒါပေမဲ့ ဗမာပြည်အတွင်းမှာ စစ်အုပ်စုနဲ့ပေါင်းပြီး တရုတ်သြဇာ ကြီးထွားလာတော့ စိုးရိမ်သောက ဖြစ်လာတယ်။ ဒါကြောင့် ဗမာပြည်ဆိုင်ရာ သူ့ရဲ့မူဝါဒကို ပြန်ပြီး ဆန်းစစ်လာကြတယ်။ နောက်ဆုံး (၁၉၉၃) ခုနှစ်မှာ စစ်အုပ်စုနဲ့ ပူးပေါင်းဆောင်ရွက်ရေး စာချွန်တော် လဲလှယ်ပြီး အပြုသဘော ဆက်ဆံရေးကို ပြောင်းလဲလိုက်ကြတယ်။

နှစ်နိုင်ငံ နယ်ခြား ကုန်သွယ်ရေး၊ (၂) နိုင်ငံနယ်ခြား နယ်ကျော် လက်နက်ကိုင်လှုပ်ရှားမှုနဲ့ မူးယစ်ဆေးဝါးမှောင်ခိုလုပ်ငန်းကို ပူးပေါင်းနှိမ်နင်းဖို့လို့ သဘောတူညီချက်မှာ ဖော်ပြခဲ့တယ်။ အနှစ်သာရကတော့ ဗမာပြည်ထဲမှာ တနေ့တခြား ကြီးထွားလာနေတဲ့ တရုတ်သြဇာကို တန်ပြန် ထိန်းချုပ်ဖို့ဖြစ်တယ်။ ဒါကလည်း လုံခြုံရေးဆိုင်ရာ သူ့နိုင်ငံ အမျိုးသားအကျိုးစီးပွား ကာကွယ်ရေး ဖြစ်တယ်။ ဒါပေမယ့် ပြောင်းလဲလိုက်တဲ့ အပြုသဘော ဆက်ဆံရေးမူဟာ သူမျှော်မှန်းသလောက် ခရီးမပေါက်ဘဲ အိန္ဒိယဟာ နေရာတကာမှာ တရုတ်နောက်ကို ရောက်နေခဲ့ရတယ်။ ရခိုင်ကမ်းလွန် သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးနဲ့ ပတ်သက်ပြီး တရုတ်နဲ့ ပြိုင်ဆိုင်ရာမှာ အကြီးအကျယ် ရှုံးနိမ့်ခဲ့ရတယ်။ ဒီလိုမျှော်မှန်းသလို မဖြစ်ခဲ့တာနဲ့ ပတ်သက်လို့ အိန္ဒိယနိုင်ငံခြားရေးဌာန အရာရှိကြီးတဦးက ဗမာပြည် ဒီမိုကရေစီအရေးကို အိမ်နီးချင်းတွေ အကြားမှာ တကိုယ်တည်း အားသွန်ထောက်ခံ ခဲ့တဲ့ "သံတမန်ရေး ခြေလှမ်းကျုံ့မှု အမှား" လို့ သုံးသပ်ခဲ့တယ်။

အနှစ် (၂၀) ကျော် ဗမာပြည် ဒီမိုကရေစီအရေး ထောက်ခံခဲ့တဲ့ အမေရိကန်၊ အီးယူ စတာတွေ အခုခါ စစ်အုပ်စုနဲ့ အပြုသဘော ဆက်ဆံရေး ထူထောင်မယ်လို့ ပြင်ဆင်နေကြတာတွေဟာ အိန္ဒိယရဲ့ ရှုမြင်သုံးသပ်ချက်နဲ့ တသဘောတည်း ဖြစ်ပါတယ်။ ကိုယ်ကျိုးစီးပွားကို အခြေခံတဲ့ တရုတ်သြဇာလွှမ်းမိုးမှုကို ဟန့်တားရေး ဖြစ်ပါတယ်။

## ဗမာ့အိမ်နီးခြင်းများ

ကိုယ့်တိုင်းပြည် ကိုယ့်ပြဿနာကို ကိုယ်တိုင်ပဲ ဆုံးဖြတ်အဖြေရှာရမှာ ဖြစ်ပါတယ်။ သို့သော်လည်း ဗမာပြည်အရေးနှင့် ပတ်သက်လာရင် အိမ်နီးခြင်း အစိုးရတွေရဲ့ တာဝန်မဲ့ သဘောထားနဲ့ ရပ်တည်ချက်တွေက ဒီပြဿနာ အဖြေရှာရေးမှာ အခက်အခဲကြီးစေခဲ့တယ်။ စစ်အုပ်စု ရဲ့တင်းမာတဲ့ သဘောထားကို အားပေးအားမြှောက်ဖြစ်စေခဲ့တယ်။ ဗမာအိမ်နီးခြင်းတွေရဲ့ တာဝန် မဲ့မှုကို တောင်အမေရိက က ဟွန်ဒူးရတ်(Hunduras)နိုင်ငံပြဿနာနဲ့ ပတ်သက်ပြီး အိမ်နီးခြင်း တိုင်းပြည်တွေရဲ့ ရပ်တည်ချက်နဲ့ ကြားဝင်ဆောင်ရွက်မှုတွေနဲ့ ယှဉ်ကြည့်ရင် အထင်အရှား မြင်တွေ့နိုင်ပါတယ်။

မနှစ်က (၂၀၁၀)မှာ ဟွန်ဒူးရတ်နိုင်ငံ သမတကို ပါလီမန်ဥက္ကဋ္ဌက စစ်တပ်နဲ့ပေါင်းပြီး အာဏာသိမ်း ခဲ့တယ်။ သမ္မတကို အဝမ္မ လေယာဉ်ပေါ်တင်ပြီး ပြည်နှင်ဒဏ်ပေးခဲ့တယ်။ ဒီအာဏာသိမ်းအစိုးရကို ဘယ်အိမ်နီးခြင်းတွေကမှ အသိအမှတ် မပြုကြဘူး။ သမ္မတကို အာဏာပြန်အပ်ဖို့ ဖိအားပေး တောင်းဆိုကြတယ်။ အမေရိကန်နိုင်ငံများ အသင်း (Oအs- Organisation of အmerican States) ကပါ ထုတ်ပစ်လိုက်တယ်။ နောက်ဆုံး ဘရာဇီးသမတနဲ့ ကော်စတာရီကာ သမတတို့ ခြံရံပြီး အာဏာသိမ်းခံထားရတဲ့ သမ္မတကို ပြည်တော်ပြန်နိုင်ဖို့ စီစဉ်ကြတယ်။ အာဏာသိမ်း အစိုးရက လေဆိပ်လေယာဉ်ပြေးလမ်းတွေကို ဓာတ်ဆီတင်ကားတွေနဲ့ ပိတ်ဆို့ထားတာကြောင့် မအောင်မြင်ပြန်ဘူး။ ဒါကြောင့် ကုန်းလမ်းကနေ လျှို့ဝှက် ပြန်ပို့လိုက်ကြတယ်။ ပြန်ဝင်လာတဲ့ သမ္မတကို ဘရာဇီးသံရုံးက ကာကွယ်စောင့်ရှောက်ထားတယ်။ ခေါင်းဆောင် သမ္မတ ပြန်ရောက်လာတာကြောင့် အာဏာသိမ်းမှုကို ဆန့်ကျင်ကြတဲ့ လူထုတွေ စိတ်အားတက်ကြွလာတယ်။ ဆန္ဒပြ အုံကြွမှုတွေ ပိုပြီးပြင်းထန်လာတယ်။ နောက်ဆုံးမှာ အာဏာသိမ်း အစိုးရက စေ့စပ်ရေး စားပွဲဝိုင်းကို ရောက်လာခဲ့ရတယ်။ (၃) လအတွင်း ရွေးကောက်ပွဲလုပ်ပြီး အာဏာစွန့်ဖို့ သဘောတူခဲ့ကြရတယ်။ ဗမာ့အိမ်နီးခြင်းတွေကတော့ စစ်အုပ်စုကို ဘက်မလိုက်အဖွဲ့တို့ အာဆီယံအဖွဲ့တို့ အပြင် အသစ်ဖွဲ့လိုက်တဲ့ ဒေသတွင်း အဖွဲ့အစည်းတွေမှာပါ ဖိတ်ခေါ်ထည့်သွင်းလိုက်ကြသေးတယ်။

## မတူတဲ့ ခေတ်နှစ်ခုက လူထုနှစ်ရပ်

ဒီလိုနိုင်ငံတကာ အခြေအနေတွေက အခွင့်မသာတာနဲ့ နိုင်ငံတခုရဲ့ အပြောင်းအလဲက မဖြစ်နိုင်တော့ဘူးလား။ လူထုတိုက်ပွဲတွေက မအောင်နိုင်တော့ဘူးလား။ ဒီလိုတော့ မဟုတ်ပါ။ နိုင်ငံတကာအခြေအနေတွေက ထည့်သွင်းစဉ်းစား တွက်ချက်ရလောက်အောင် သြဇာလွှမ်းတဲ့ကဏ္ဍမှာ ရှိနေပါတယ်။ အကျိုးသက်ရောက်ပါတယ်။ တကယ်တမ်း အဆုံးအဖြတ်ကတော့ သက်ဆိုင်ရာနိုင်ငံရဲ့ လူထုသာဖြစ်ပါတယ်။ လူထုအဆုံးအဖြတ်နဲ့ တိုက်ပွဲတွေကြောင့် နိုင်ငံတကာရဲ့ ရပ်တည်ချက်တွေ ကလည်း အဲဒီလူထု သယ်ဆောင်သွားတဲ့ နိုင်ငံရေးရေစီးကြောင်းနောက်ကို လိုက်ပြောင်းလဲရပါတယ်။ လောလောလတ်လတ် ဖြစ်ပွားနေတဲ့ တူနီးရှား၊ အီဂျစ်၊ ယီမင်နဲ့ အာရပ်ကမ္ဘာမှာ ဖြစ်ထွန်းနေတဲ့ လူထုတိုက်ပွဲတွေက သက်သေပါပဲ။

တော်လှန်ရေးပြောပြော၊ နိုင်ငံရေးပြောပြော လူမှုအဆောက်အဦတခု ပြောင်းလဲရေး လှုပ်ရှားမှုတွေမှာ လူထုသာ ပဓာန ဖြစ်ပါတယ်။ လူထုရဲ့ နိုင်ငံရေး ရေချိန် စည်းရုံးရေးရေချိန်စတဲ့ နိုးကြားမှု အတိုင်းအတာဟာ တိုက်ပွဲရဲ့ အဆုံးအဖြတ်ဖြစ်ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ခဲ့ရတဲ့ ဗမာလူထုဟာ ဒီကနေ့လူထုထက် နိုင်ငံရေး ရေချိန် မြင့်မားတယ် လို့ဆိုရပါမယ်။ လူထုရဲ့ နိုင်ငံရေးရေချိန်ဆိုရာမှာ နိုင်ငံရေးနိုးကြားမှုနဲ့ နိုင်ငံရေး စည်းရုံးမှုတို့ဖြစ်တယ်။ ဗိုလ်ချုပ်ခေတ်က လူထုနဲ့ ဒီနေ့ခေတ်လူထုဟာ နိုင်ငံရေးနိုးကြားမှု တူပါတယ်။ ဒီနေ့ခေတ်လူထုက ပိုတယ်လို့တောင် ပြောချင်ပြောလို့ရပါတယ်။ အမျိုးသားလွတ်မြောက်ရေးအတွက် အင်္ဂလိပ်နဲ့ စစ်အုပ်စုကို အဓိကရန်သူလို့ ရှင်းရှင်းလင်းလင်း ရှုမြင်ကြပါတယ်။ ဆန့်ကျင်ကြပါတယ်။ ဒါပေမယ့် ဒီဆန့်ကျင်မှုကို တလုံးတစည်းထဲဖြစ်အောင် စုစည်းတဲ့ နိုင်ငံရေးစည်းရုံးမှုရေချိန်မှာတော့ ဒီနေ့ခေတ်လူထုဟာ အလွန်အမင်း ချိနဲ့နေတယ်လို့ မြင်ပါတယ်။ စစ်အုပ်စုရဲ့ အစဉ်တစိုက် စောင့်ကြည့်ပြီး ကြမ်းကြမ်းရမ်းရမ်း နှိပ်ကွပ်တာက အဓိက အကြောင်းတချက်ဖြစ်ပါတယ်။

လူမှုစီးပွားရေးအရလည်း ဒီနေ့ခေတ် ဗမာလူထုဟာ အနိမ့်ဆုံးအထိ ကျဆင်းနေတယ်။ ဒီစီးပွားရေး ချွတ်ခြုံကျမှုကတဆင့် အမျိုးသားရေး စာရိတ္တမဏ္ဍိုင်ဟာ ဘယ်ခေတ်နဲ့မှ မတူအောင် ကျဆင်းနေတယ်။ နိုင်ငံ့ခေါင်းဆောင်အမည်ခံ စစ်ဗိုလ်ချုပ်တွေကလည်း ထိပ်ကနေပြီး ခိုးဝှက်လုယက် နေတာကို ပြောင်ပြောင် တင်းတင်းလုပ်ပြီး စံနမူနာထူနေကြတယ်။ တဖက်မှာလည်း တချို့သော နိုင်ငံရေးသမား၊ နိုင်ငံရေးခေါင်းဆောင် အမည်ခံတွေကလည်း ရာသမျှအခွင့်အရေးတွေကို သီလဖျက်ပြီး အမိအရ လက်မလွှတ်တမ်းယူနေကြတယ်။ ဒီလိုလူ့အဖွဲ့အစည်းရဲ့ ရှေ့တန်းပုဂ္ဂိုလ်များရဲ့ မကောင်းတဲ့ စံနမူနာတွေက အမျိုးသားစာရိတ္တမဏ္ဍိုင်ကို ယုတ်လျော့ကျဆင်း (De-moralised National Morality) စေတယ်။ ဒီတော့ နိုင်ငံရေးရဲ့ အဓိက စံတရားတွေ ဖြစ်တဲ့ စွန့်လွှတ်ခြင်း၊ အနစ်အနာခံခြင်းနဲ့ စာရိတ္တခိုင်မာခြင်းဆိုတာတွေက လူထုကြားမှာ နောက်တန်းရောက်သွားခဲ့ရတယ်။ ဒီစံတရားတွေဟာ အတဲ့သူမိုက်တဲ့သူတွေရဲ့ အလုပ်လို့ ရှုမြင်လာကြတယ်။

တချို့ဆို ထောင်မကျတဲ့ နိုင်ငံရေး လုပ်ကြလို့ အရှက်မရှိ ပြောင်ဝံ့ဒဖြန့်နေကျတယ်။ သင်တန်းတွေပေးနေကြတယ်။ ဒါဟာ ဒီမိုကရေစီတိုက်ပွဲအပေါ်မှာ ကြံ့ကြံ့ခံရင်း နှစ်ရှည်ထောင်ဒဏ်တွေ ကျခံသွားကြတဲ့ ကိုမင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုမင်းဇေယျာစတဲ့ (၈၈) ကျောင်းသားခေါင်းဆောင်တွေရဲ့ စွန့်လွှတ်အနစ်နာခံမှုကို ပျက်ရယ်ပြုတာပဲ။ အာဏာရှင်စနစ်ကို အရှုံးအမူး ဖက်တွယ်ထားတဲ့ စစ်အုပ်စုကို ဒီမိုကရေစီတောင်းဆို တိုက်ပွဲဝင်တဲ့ အခါမှာ ထောင်မကျအောင်၊ အသက်မသေအောင်၊ ရှောင်လွှဲလို့ မဖြစ်နိုင်တဲ့ အခြေအနေပါ။ ဒီတော့ သာမန်လူထုအကြားမှာ အာဏာရှင်ဗိုလ်ချုပ်များ အပါအဝင် နိုင်ငံရေးလုပ်သူများ (ပတ်သက် နေသူများ) ကို လူကြီး သို့သော် မကောင်းတဲ့ သူခိုးဓားပြ၊ လူလည်လူလိမ်၊ လွယ်လွယ်ပြော လွယ်လွယ်ဖျက် စကားမတည်တဲ့ ကတိပျက်သူတွေလို့ မြင်နေသလားတောင် ထင်မိတယ်။

ဗိုလ်ချုပ်တို့ခေတ် ဗမာလူထုရဲ့ စီးပွားရေးအခြေအနေက ဒီနေ့အခြေအနေထက် အများကြီးသာပါတယ်။ တစုံတရာ လွတ်လပ်တဲ့ ကုန်သွယ်စီးပွားရှာခွင့်နဲ့ အသိပညာတွေ ဖြန့်ချီခွင့်၊ လေ့လာလိုက်စားခွင့် ရှိတယ်။ ဒ့ီအပြင် လစ်ဘရယ်ဒီမိုကရေစီအရ တစုံတရာ လွတ်လပ်တဲ့ စည်းရုံးလှုပ်ရှားခွင့်တွေ ရှိတယ်၊ အသင်းအပင်း ဖွဲ့စည်းခွင့်တွေရှိတယ်။ ဒ့ါကြောင့် လူအများ စုပေါင်းလှုပ်ရှားမှုနဲ့ အဖွဲ့အစည်းတခုကို ဟန်ချက်ညီ ထိန်းကျောင်းလှုပ်ရှားတဲ့ အလေ့အကျင့်တွေ ရှိတယ်။ အဖွဲ့အစည်းတခုအတွင်း ဘယ်လိုစည်းဝေးမယ်၊ ဘယ်လိုဆွေးနွေးငြင်းခုံမယ်၊ ဘယ်လို ဆုံးဖြတ်ချက်ကို ရယူပြီး ဘယ်လိုစုပေါင်း အကောင်အထည်ဖေါ်မယ်ဆိုတဲ့ အတွေ့အကြုံနဲ့ အလေ့ အကျင့်ကောင်းတွေ ရှိကြတယ်။ ဒါတွေဟာ ဒီနေ့ခေတ် ကျွန်တော်တို့ ဗမာလူ့အဖွဲ့အစည်းမှာ မတွေ့ရတော့သလောက်ဖြစ်နေတဲ့ အလေ့အကျင့်တွေ ဖြစ်တယ်။ ဒီအချက်တွေဟာ သဟဇာတဖြစ်တဲ့ လူ့အဖွဲ့အစည်းတခုရဲ့ အရေးပါတဲ့ လက္ခဏာဖြစ်တယ်။

ဒီနေ့ခေတ်မှာ စစ်အာဏာရှင်တွေ ဖိနှိပ်မှုအောက်က လူထုကြားမှာ မဆိုထားနဲ့ လွတ်လပ်စွာ စည်းရုံးလှုပ်ရှားနိုင်တဲ့ ပြင်ပအင်အားစုတွေကြားမှာတောင် ဒီအလေ့အကျင့်တွေကို မတည်ဆောက်နိုင် သေးဘူး။ ဒီလက္ခဏာတွေကို မဖြည့်ဆည်းနိုင်သေးဘူး။ အစုအဖွဲ့အရေးနဲ့ လူပုဂ္ဂိုလ်အရေးတွေကို မခွဲခြားနိုင်သေးဘူး။ မှုနဲ့လူကို မခွဲခြားနိုင်သေးဘူး။ မှုနဲ့ ဘောင်နဲ့ အလုပ်လုပ်တဲ့ အလေ့အကျင့်တွေ မထူထောင်နိုင်သေးဘူး။ အာဏာရှင်ဝါဒရဲ့ လက္ခဏာတွေ ဖြစ်တဲ့ သူလုပ်ရင် ငါမပါ၊ မကြိုက်သူချန်ထား၊ အဖွဲ့တွင်းမှာ လွတ်လပ်စွာ ဆွေးနွေးငြင်းခုံရမယ့်အစား အပြင်မှာ လက်တို့ဆွေးနွေး ဂိုဏ်းဖွဲ့လှုပ်ရှား၊ ဆုံးဖြတ်ချက်ကို မလေးစားတဲ့ စရိုက်ဆိုးတွေက မလွတ်မြောက်နိုင်သေးဘူး။

ဒါဟာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ ကိုယ်စားပြု လှုပ်ရှားရတဲ့ လူထုအခြေအနေ ခြားနားချက်အကျဉ်း ဖြစ်ပါတယ်။ ဒ့ါအပြင် ရင်ဆိုင်ရတဲ့ ရန်သူအမျိုးအစားကလည်း မတူပါဘူး။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ အဲဒီအချိန်က ဗမာလူထု ရင်ဆိုင်ခဲ့ရတာက လူမျိုးခြား အသွေးအရောင်ပါ ကွဲပြားတယ်။ ဒီကနေ့ ရင်ဆိုင်နေရတဲ့ ရန်သူကတော့ လူထုထဲက လူတွေသာဖြစ်တယ်။ အသွေးတူ အသားတူ အမျိုးသားချင်းထဲက လောက်ကောင်လို ရန်သူဖြစ်တယ်။ ဒါကြောင့် လူထုအကြားမှာ ရန်ငါစည်း ခွဲခြားဖို့ ခက်ခဲတယ်။ အားလုံးက တကြောင်းမဟုတ် တကြောင်း ဆက်နွယ်ပတ်သက်နေကြတယ်။

## အပိုင်း (၂)

(ခေတ်နှစ်ခေတ် တိုက်ပွဲနှစ်ခုရဲ့ ခေါင်းဆောင်မှုကို နှိုင်းယှဉ်ဆန်းစစ် တင်ပြဖို့ကြိုးစားရင်း အနှစ် (၂၀) ကျော် တိုက်ပွဲရဲ့ သုံးသပ်ချက်အကျဉ်းချုပ် စာတမ်းငယ်လို ဖြစ်သွားပါတယ်။ အကိုးအကား စာအုပ်စာတမ်း ခေါင်းပါးတာကြောင့် ကျောင်းကြီးဆင်း လူတတ်များလို ဖုနတ်(Foot-note) တွေ၊ အင်နတ်(in-note)တွေ ဘေးနတ်(margin-note) တွေနဲ့ သက်သေမထူနိုင်တော့ပါဘူး။ စိတ်သာရှင်စော ဘုရားဟောဆိုတဲ့ စကားကို အားကိုး တင်ပြလိုက်ပါ

တယ်။ အတ္တာနောမတိ အမြင်နဲ့သာ ဝေဘန်ဖတ်ရှုကြပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ အချက်အလက်အမှား၊ ကောက်ချက်အမှားများကို ထောက်ပြမယ် ဆိုရင် အထူးကျေးဇူးတင်ပါတယ်။)

### မတူတဲ့ နောက်ခံ အဖွဲ့အစည်းများ

ခေါင်းဆောင်တယောက်အတွက် မရှိမဖြစ်လိုအပ်တဲ့ယာဉ်ရထားလို့ ဆိုရမယ့် နိုင်ငံရေးအဖွဲ့အစည်း တွေရဲ့ စည်းရုံးရေးကျစ်လစ်မှု၊ တည်ဆောက်မှုနဲ့ အဖွဲ့ဝင်တွေရဲ့ရည်မှန်းချက်အပေါ် သန္နိဋ္ဌာန်ခိုင်မာမှုတွေကလည်း အရေးပါတဲ့ အချက်တွေဖြစ်တယ်။ ဗိုလ်ချုပ်အောင်ဆန်းဟာ တို့ဗမာအစည်းအရုံး၊ဘီအိုင်အေနဲ့ နောက်ဆုံး ဖဆပလ အဖွဲ့တွေကို ဦးဆောင်မှုပြုခဲ့တယ်။ ပြည်သူ့ရဲဘော်အဖွဲ့ကလည်း ရှိသေးတယ်။ ဘီအိုင်အေနဲ့ ဖဆပလ ဆိုတာ သူကိုယ်ဦးဆောင် ထူထောင်ခဲ့တာဖြစ်တယ်။

ဒီအဖွဲ့အစည်းတွေဟာ နိုင်ငံရေးသဘောတရားတွေကို လုံလုံလောက်လောက် လေ့လာဆည်းပူးထားရုံ မက သန္နိဋ္ဌာန်ခိုင်မာတဲ့ လူငယ်လူရွယ်တွေက ဦးဆောင်တယ်။ အဖွဲ့ဝင်များ ဆိုတာကလည်း သင်တန်းပေး လေ့ကျင့်ထားတဲ့ လူတွေဖြစ်တယ်။ အဖွဲ့အစည်း အဖွဲ့ဝင်အဖြစ် စည်းကမ်းတကျ လိုက်ပါဆောင်ရွက်တဲ့ အလေ့အကျင့်ရှိတဲ့သူတွေ ဖြစ်တယ်။ နောက် အရေးပါတဲ့ အားသားချက်က လူပုဂ္ဂိုလ်နဲ့ ဆိုင်တဲ့နိုင်ငံရေး ( Body Politic) အားကောင်းချက်ဖြစ်တယ်။ အဲဒီအဖွဲ့အစည်းတွေမှာ ဦးဆောင်နေကြသူတွေဟာ အဖွဲ့အစည်းတွေမှာ ဖွဲ့စည်းပုံအတိုင်း စနစ်တကျ တိုက်ပွဲဝင်ခဲ့ကြသူတွေဖြစ်တယ်။ ကွဲလွဲတဲ့ အမြင်တွေ ရှိကြပေမယ့် အရေးတော်ပုံနဲ့ ပတ်သက်လို့ ပြတ်သားတဲ့ တဦးရဲ့စိတ်ဓာတ်ကို တဦးက ယုံကြည်တယ်။ တယောက်နဲ့ တယောက် အားနည်းချက် အားသာချက်ကို အပြန်အလှန် သိကြတယ်။ အပြန်အလှန် အသိအမှတ်ပြုမှုနဲ့ အနစ်နာခံစိတ်ရှိကြတယ်။

ပြည်သူ့ရဲဘော်က စစ်ရေးပုံစံအဖွဲ့အစည်းဖြစ်ပြီး ဘီအိုင်အေကတော့ စစ်တပ်သက်သက်ဖြစ်တယ်။ တို့ဗမာအစည်းအရုံးနဲ့ ဖဆပလ ဟာ ဇဟိုခရိုင် မြို့နယ်ကစလို့ ကျေးလက်ရပ်ရွာတွေအထိ ကျယ်ကျယ် ပြန့်ပြန့် ဖွဲ့စည်းထားတယ်။ အထက်အောက် ဆက်စပ်ပြီး စနစ်တကျ လှုပ်ရှားနိုင်တယ်။ ခေါင်းဆောင်ရဲ့ အဆုံးအဖြတ်နဲ့ စကားအတိုင်း တဖွဲ့လုံး၊ အဖွဲ့ဝင် တရပ်လုံးကတဆင့် လူထုတွေပါ မြန်မြန်ဆန်ဆန် ဟန်ချက်ညီ လှုပ်ရှားနိုင်တယ်။ ဦးတည်ချက်အတိုင်း ရွေ့လျားနိုင်တယ်။ ကိုယ့်တပ်တွေကို ရှေ့နောက် လိုရာရွေ့လျား စစ်ကစားနိုင်တဲ့ စစ်သူကြီးတယောက်လို ခေါင်းဆောင်က အမိန့်ပေး လှုပ်ရှားနိုင်တယ်။

ဒီလိုအင်အားစုတွေရဲ့ ကျောထောက်နောက်ခံ ရထားတာကြောင့် ဒုတိယကမ္ဘာစစ်ကြီးပြီးလို့ ပြန်ဝင်လာတဲ့ နယ်ချဲ့အစိုးရက ဗိုလ်ချုပ်အောင်ဆန်းကို မထိရဲ မတို့ရဲ ဖြစ်ခဲ့ရတယ်။ နောက်ဆုံး ဗိုလ်ချုပ် အောင်ဆန်းရဲ့စကားကို လေးစားလက်ခံ အသိအမှတ်ပြုလာရတယ်။

### ဗိုလ်ချုပ်ကို သတ်ဖို့ကြံတဲ့ အင်္ဂလိပ်နယ်ချဲ့

ဂျပန်အဝင်မှာ ခွေးပြေးဝက်ပြေး ပြေးခဲ့ရတဲ့ ဘုရင်ခံ ဆာဒေါ်မန်စမစ်နဲ့ နယ်ချဲ့အစိုးရဟာ သူတို့ မဟာရက်တော်ကွဲခဲ့ရတာကြောင့် ဗိုလ်ချုပ်အောင်ဆန်းကို မုန်းတီးပြီး အာဃာတထားပါတယ်။ ဗိုလ်ချုပ်တို့ ဘီအိုင်အေတပ်နဲ့ ဝင်လာပြီး မော်လမြိုင်ကိုသိမ်းတဲ့ အချိန်ကတည်းက ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဗိုလ်လက်ျာတို့ကို မျက်ကွယ်မှာ သေဒဏ်ပေးခဲ့ပါတယ်။ နယ်ချဲ့အစိုးရ ပြန်ဝင်လာတဲ့ အချိန်မှာ ဗိုလ်ချုပ်အောင်ဆန်းကို လူသိထင်ရှား ရုံးတင်သတ်ဖြတ်ဖို့ ကြိုးစားခဲ့ပါတယ်။ သူတို့ ပြန်ဝင်လာ လာခြင်း ဗိုလ်ချုပ်အောင်ဆန်းကို ဂျပန်နဲ့ အတူ မော်လမြိုင်မြို့ကို သိမ်းစဉ်က ဖြစ်ခဲ့တဲ့ သူကြီးတယောက်ကို သတ်မှုနဲ့ စွဲချက်တင် ဖမ်းဝရမ်း ထုတ်ခဲ့ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းကလဲ စစ်ရေးအရ လိုအပ်လို့ အမိန့်ပေးတယ်လို့ မကြောက်မရွံ့ ဝန်ခံပါတယ်။

ဒီအမှုကို စွဲချက်တင်တာက ဒေါ်မန်စမစ်ရဲ့စက္ကူပြုအစိုးရ ခေါင်းဆောင်ဆာပေါ်ထွန်းဖြစ်ပြီး သက်သေက သခင်ထွန်းအုပ် ဖြစ်ပါတယ်။ ဖမ်းဝရမ်းထုတ်ပေမယ့် ချက်ချင်းမဖမ်းရဲကြပါဘူး။ ပြည့်သူ့ရဲဘော်အဖွဲ့၊ ဖဆပလနဲ့ ဗိုလ်ချုပ်အောင်ဆန်းနောက်က ဗမာလူထုကြီးကို စိုးရွံ့နေကြပါတယ်။ အဲဒီအချိန်က အရှေ့တောင်အာရှ မဟာမိတ်တပ်များ စစ်ဦးစီးမှူး မောင့်ဘက်တန်နဲ့ အစိုးရအဖွဲ့ဝင် အချို့က ဗိုလ်ချုပ်အောင်ဆန်းကို ဖမ်းရင် ဗမာလူထု ထိန်းမနိုင် သိမ်းမရ ပေါက်ကွဲသွားမယ်လို့ သတိပေးခဲ့ကြတယ်။

အဲဒီအချိန်မှာ သခင်သန်းထွန်းက ဘုရင်ခံ အစိုးရခေါင်းဆောင် ဆာပေါ်ထွန်းရဲ့ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိဖြစ်တဲ့ ကျနိုပ်စွန့်စားခန်းဆိုတဲ့ စာအုပ်ထဲက အချက်တချို့ကို အင်္ဂလိပ်လိုပြန်ပြီး အင်္ဂလန်က လေဘာပါတီခေါင်းဆောင် တွေဆီကိုပို့ပြီး ထောက်ပြခဲ့ပါတယ်။ ဆာပေါ်ထွန်းက (၁၉၄၄) မှာ သူ့ရဲ့ ကိုယ်ရေး အတ္ထုပ္ပတ္တိစာအုပ်တအုပ် ထုတ်ခဲ့တယ်။ အဲဒီထဲက ဂျပန်ဝင်လာစက လူစုကွဲလာတဲ့ ဗြိတိသျှစစ်တပ် အရာရှိနဲ့ စစ်သား (၁၅) ယောက်ကို သတ်ဖြတ်ခဲ့တဲ့အကြောင်း တိတိကျကျ ဂုဏ်ယူဝံ့ကြွား ရေးပြထားတယ်။ ဒီအချက်တွေကို အင်္ဂလိပ်လိုပြန်ပြီး သခင်သန်းထွန်းက ဘုရင်ခံ ဒေါ်မန်စမစ်ဟာ ဗြိတိသျှစစ်သား(၁၅) ယောက်ကို သတ်ဖြတ်ခဲ့တဲ့ လူကိုတော့ နန်းရင်းဝန်ခန့်ပြီး ဗမာသူကြီးတယောက်ကို သတ်ခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်းကို ဖမ်းဝရမ်းထုတ်တာဟာ မမျှတတဲ့အကြောင်း လေဘာခေါင်းဆောင်တွေဆီကို စာရေးခဲ့တယ်။

ဒီအရေးဟာ ဗြိတိသျှပါလီမန်အထိ ရောက်သွားပြီး လေဘာပါတီအမတ်တွေက မေးခွန်းထုတ် ကန့်ကွက်ကြတယ်။ ဒေါ်မန်စမစ်ရဲ့ လုပ်ရပ်တွေဟာ မရိုးသားတဲ့အပြင် ဗမာပြည် ဆူပူအောင် လုပ်သလိုဖြစ်နေ တယ်လို့ ရှုတ်ချခဲ့ကြတယ်။ ဒါကြောင့် ဒေါ်မန်စမစ်ရဲ့ အကောက်ကြံမှု ပေါ်

သွားပြီး ကျမ်းမာရေး အကြောင်း ပြချက်နဲ့ ဘုရင်ခံရာထူးက ပြန်ခေါ်(Recall)ရုတ်သိမ်းခဲ့တယ်။ ဗိုလ်ချုပ်အောင်ဆန်းအပေါ် စွဲဆိုထားတဲ့ အမှုကို လည်း ရုတ်သိမ်းခဲ့ရတယ်။ နောက်ဆုံး ဗိုလ်ချုပ်အောင်ဆန်းနဲ့ စေ့စပ်ဆွေးနွေးလာရတဲ့အထိ ဖြစ်လာတယ်။ ဒါဟာ ဗိုလ်ချုပ်ကို ကျောက်ထောက်နောက်ခံပေး ထားတဲ့ အဖွဲ့အစည်းများနဲ့ ဒီအဖွဲ့ဝင်တွေရဲ့ လူထုကို စည်းရုံးလှုံ့ဆော်နိုင်စွမ်းတွေကြောင့်ဖြစ်တယ်။"ရရင်ရ မရရင် ချမယ်"လို့ ရဲရဲတောက် စိန်ခေါ်နိုင် ခဲ့တာ ဖြစ်တယ်။

## အကာအကွယ်မဲ့ ဒေါ်အောင်ဆန်းစုကြည်

ဒေါ်အောင်ဆန်းစုကြည်ကတော့ ဒီလိုအချက်အလက် ပြည့်စုံတဲ့ နိုင်ငံရေးနောက်ခံ မရှိပါဘူး။ မရသေးဘူးလို့ ဆိုချင်ပါတယ်။ အောင်ပွဲခံနိုင်ဖို့ အချက်အလက်ပြည့်စုံတဲ့ နိုင်ငံရေးနောက်ခံ ဖြစ်လာအောင် အားလုံး ဝိုင်းဝန်းတည်ဆောက်ကြရမှာပါ။

ဒေါ်အောင်ဆန်းစုကြည်ဟာ မိစ္ဆာသန်းရွှေနဲ့စစ်အာဏာရှင်တွေရဲ့ ကမ္ဘာသိ အကောက်ကြံလုပ်ကြံမှုတွေ ကိုခံခဲ့ရတယ်။ အကြောင်းကံကောင်း ထောက်မလို့ ဒီနေ့အထိ သက်ရှင်ထင်ရှား ဦးဆောင်မှုပေးနိုင်နေသေးတာ ဖြစ်တယ်။ ဒီပဲယင်းကိစ္စကတော့ အဆိုးရွားဆုံး၊ အရက်စက်ဆုံးနဲ့ အယုတ်မာဆုံး လုပ်ကြံမှုကြီးဖြစ်တယ်။ ဒီအရေးအခင်းမှာ ဒေါ်အောင်ဆန်းစုကြည်ကို အသက်ပေး ကာကွယ်သွားခဲ့ကြတဲ့ ပြည်သူတွေ၊ ရဟန်းသံဃာတွေ၊ ပါတီဝင် အမျိုးသမီး၊ အမျိုးသားတွေကို လေးလေးနက်နက် ဦးညွှတ်ပါတယ်။ ဂုဏ်ပြုပါတယ်။ တစုံတရာ အထောက်အကူပြုသွားကြတဲ့ ဝန်ထမ်းတချို့ရဲ့လုပ်ရပ် ကိုလည်း လေးစားတန်ဘိုးထားပါတယ်။ ဒီနေ့အထိလည်း ဒေါ်အောင်ဆန်းစုကြည်ဟာ သန်းရွှေရဲ့ယုတ်မာပက်စက်တဲ့ အန္တရာယ်ကို အကာကွယ်မဲ့ ရင်ဆိုင်နေ ရဆဲဖြစ်တယ်။

ဒီနေ့ ဒေါ်အောင်ဆန်းစုကြည် ကျောထောက်နောက်ခံ နိုင်ငံရေး အင်အားစုဆိုတာမှာ အင်အယ်လ်ဒီ ပါတီက အဓိကပဲ ဖြစ်တယ်။ မြေအောက် ကျောင်းသားလူငယ်များနဲ့ အနိုင်ရ တိုင်းရင်းသားပါတီတချို့ရှိတယ်။ လောက်လောက်လားလား ကျောထောက်နောက်ခံ မရှိပါဘူး။ လက်နက်ကိုင်အဖွဲ့ များနဲ့ နယ်ခြား အဖွဲ့အစည်း များဆိုတာကလည်း စက္ကူပေါ်မှာပဲ ကျောထောက်နောက်ခံ ပေးနိုင်ကြတယ်။ အဓိကဖြစ်တဲ့ အင်န်အယ်လ်ဒီ အကြောင်း ပြောရင်လည်း ဆရာမင်းသိခ်ရဲ့ ကောက်ချက်ကိုပဲ သတိရမိတယ်။ သူက "NLD ဆိုတာ အောင်ဆန်းစုကြည်ဆိုတဲ့ မိုင်းကိုင်စက္ကူနဲ့ ချိုးထားတဲ့ မီးပုံပျံ ကြီးလိုပဲ။ မဆလမှိုင်းတွေနဲ့ ဖောင်းကားနေတာ၊ ဘယ်ရောက်လို့ ဘယ်နေရာ ကျမယ်မသိဘူး" လို့ဆိုတယ်။ အားလုံးကိုတော့ မဆိုလိုပါဘူး။ တကယ် အသက်ပေးသွားကြတဲ့ ပါတီဝင်တွေ၊ ခေါင်းဆောင်တွေ အမြောက်အများ ပေါ်ထွက်ခဲ့သလို ဒီနေ့အထိလည်း ရဲရဲဝံ့ဝံ့ တိုက်ပွဲဝင်နေသူတွေ ရှိပါသေး တယ်။ သို့သော်လည်း (၈၈) အရေးအခင်းပြီးစ ဖွဲ့စည်းစဉ်ကတော့ ဆရာမင်းသိခ်ပြောတဲ့အတိုင်းပါပဲ။

တချို့ထိပ်ပိုင်း ခေါင်းဆောင်တွေဆို စစ်အာဏာရှင်စနစ် အုဋ်မြစ်ချခဲ့တဲ့သူတွေ ဖြစ်နေတယ်။ လူထုအတွက် စစ်အာဏာရှင်စနစ်ကို တကယ် မတိုက်ရဲတဲ့ (မတိုက်ချင်တာလည်း ဖြစ်နိုင်ပါတယ်) သတ္တိကို လွန်ခဲ့တဲ့ အနှစ်(၂၀)က သက်သေပြသွားခဲ့ပါပြီ။ စကားကြုံ ဖြည့်ပြောရရင် သန်းရွှေက ပါတီတွေမှတ်ပုံတင်ဖို့ အမိန့်ထုတ်လိုက်တာနဲ့ နောက်တနေ့မနက်မှာ လူမမာ အိပ်ယာပေါ်ကထလာပြီး ပါတီမှတ်ပုံပြန်တင်ဖို့ ပြောခဲ့တဲ့ ဥက္ကဋ္ဌကြီး ဦး အောင်ရွှေဟာ ပါတီက သပိတ်မှောက်ဖို့ ဆုံးဖြတ်ထားတဲ့ အတုအယောင် ရွေးကောက်ပွဲမှာ မြေးမလေး တွဲကူပြီး ကြိုတင်မဲ ပေးခဲ့တယ်လို့ ကြားလိုက် မိသေးတယ်။

ရန်သူစစ်အုပ်စုက ဒီအချက်ကို ကောင်းကောင်းသိပါတယ်။ ခေါင်းဆောင်တွေကို အပျော့အမာ ခွဲခြားကိုင်တွယ်တယ်။ အပျော့ကိုဖဲ့ထုတ်ပြီး၊ အမာကို ချေမှုန်းတယ်။ တကယ်တိုက်မယ့် ပြည်သူ့တိုးတက်ရေး ပါတီတို့၊ မန္တလေးက အမျိုးသားနိုင်ငံရေးတပ်ပေါင်းစုတို့၊ ကျောင်းသားပါတီ လူ့ဘောင် သစ်တို့ကို အပြတ် အသတ် ခြေမှုန်းသလို အနိုင်ရတဲ့ NLD ထဲမှာလည်း တကယ်တိုက်မယ့်သူ တိုက်ရဲသူတွေကို တိတိကျကျ ဖော်ထုတ်ပြီး ဖိနှိပ်တယ်၊ ဖမ်းဆီးတယ်၊ တချို့ ထောင်ထဲမှာတင် ရိုက်သတ်ပစ်တယ်။ နောက်ဆုံးလက်ကျန် ခေါင်းဆောင်ပိုင်းဆိုတာ ဦးတင်ဦးတို့၊ ဒေါ်အောင်ဆန်းစုကြည်တို့ကို အာဏာရှင်အလိုကျ ပါတီကထုတ်ခဲ့တဲ့ အထိ တိုက်ပွဲဝင်စိတ်ဓာတ် ချွတ်ခြုံကျသွားခဲ့တယ်။ ပါတီတရားဝင် ဆက်လက်ရပ်တည်ရေးက အရေးကြီးတယ် လို့ အကြောင်းပြခဲ့တယ်။ ကျွန်တော်တို့ အားလုံးကလည်း ဟုတ်သလိုလို ထင်ယောင်မှား ဖြစ်ခဲ့ကြပါတယ်။ ဒီလိုပါတီ၊ ဒီလိုအင်အားစုတွေကို အမှီပြုထား ရတဲ့ ဒေါ်စုအတွက်တော့ ခွေးကျိုးနဲ့ ယုန်လိုက်၊ နွားပိန်မနဲ့ ယာထွန် သလိုပါပဲ။ အချိန်ကုန် လူပန်းတာ အဆန်းမဟုတ်ပါဘူး။

## တူညီတာက ရိုးသားမှု

အထက် တင်ပြခဲ့တာတွေက ဒေါ်စုနဲ့ သူ့ဖခင် ဗိုလ်ချုပ်တို့ ဦးဆောင်ခဲ့ရတဲ့ ကျင်လည်ခဲ့ရတဲ့ ဝန်းကျင်နဲ့ ကျောထောက်နောက်ခံ ပြခဲ့ရတဲ့ နိုင်ငံရေးတွေ မတူခြားနားချက် တချို့ဖြစ်ပါတယ်။ ဒါပေမယ့် သူတို့ကြားမှာ တူညီချက်တခုရှိပါတယ်။ နိုင်ငံရေးလောကထဲမှာ ရှာပါးတဲ့ အရည်အသွေးတခု ဖြစ်ပါတယ်။ ပြည်သူအပေါ်မှာ ရိုးသားဖြောင့်မတ်တဲ့ စိတ်နေစိတ်ထားနဲ့ စေတနာဖြစ်ပါတယ်။

နိုင်ငံရေးသမား အများစုဟာ သူတို့ကိုယ်သူတို့ သူရဲကောင်းလိုလို၊ သူတော်စင်လိုလို၊ ကယ်တင်ရှင်လိုလို၊ ပညာရှင်လိုလို သန်ရာသန်ရာ ဂိုက်ဖမ်းကြတယ်။ လူထုကို ဟန်ဆောင်ကြတယ်။ ဒါပေမဲ့ ကိုယ်ရေးကိုယ်တာနဲ့ အဖွဲ့အစည်းရဲ့အရေး၊တိုင်းပြည်ရဲ့အရေးတို့ ယှဉ်လာရင် မသိမသာနဲ့ ကိုယ်ရေးကိုယ်တာ အရေးကို ယိမ်းယိုင်သွားကြတယ်။ အစုအဖွဲ့တခုမှာ နေရာရလာရင် သူလုပ်လို့ ဒီအဖွဲ့ဖြစ်တည်နေသယောင်၊ သူဦးဆောင်လို့

ဒီအဖွဲ့အလုပ်ဖြစ်နေသယောင် ထင်တတ်ကြတယ်။ ဒီအဖွဲ့ရှိနေလို့ ဒီနေရာရှိတယ်၊ ဒါကြောင့် ဒီနေရာမှာ သူဦးဆောင်ခွင့်ရခဲ့ကြတာကို မေ့ပစ်တတ်ကြတယ်။ တိုင်းပြည်အာဏာရလာရင်တော့ ပိုပြီးဆိုးတယ်။ သူတို့ခေါင်းဆောင်လို့၊ သူတို့အုပ်ချုပ်လို့ ဒီတိုင်းပြည်ကြီး ဖြစ်လာသယောင်၊ တည်ငြိမ်သယောင် ဟိတ်ထုတ်ကြတယ်။ ပြည်သူတွေရဲ့ကျေးဇူးရှင်ကြီးတွေ ဂိုက်ဖမ်းလာကြတယ်။ ဗမာပြည်အာဏာရ ခေါင်းဆောင် အဆက်ဆက်ဟာ ဒီလို ဘဝင်ရူးတွေချည်းလို့ ပြောရမလိုပါပဲ။ အိမ်ရှင်ဂိုက်ဖမ်းပြီး ပိုင်ရှင်အစစ် လူထုကို အိမ်ငှားလိုဆက်ဆံတယ်။ ဓားမနောက်ပိတ်ခွေလို ကျင့်ကြံကြတယ်။ တိုင်းပြည် ပြိုကွဲမယ့် အရေးကြောင့် မလွှဲမရှောင်သာလို့ တာဝန်ယူထားရပါတယ်လို့ တပြောတည်းပြောနေတဲ့ စစ်အာဏာရှင်တွေက အဆိုးဆုံး အရှက်မဲ့ဆုံးပဲ။

## လူထုသာ ပဓာန

တကယ့် ပကတိအရှိတရားက လူထုရှိလို့ တိုင်းပြည်ရှိတယ်။ တိုင်းပြည်ရှိလို့ အုပ်ချုပ်မှု (အာဏာ) ရှိတယ်။ အစိုးရ ဆိုတာလည်းရှိတယ်။ အစိုးရ ရှိလို့ တိုင်းပြည်၊ လူထုရှိလာရတာ မဟုတ်ဘူး။ ပကတိ အခြေခံတရားဖြစ်တဲ့ လူထုကြားက ကူးလူးဆက်ဆံရေးကို ချောမွေ့အောင် စောင့်ကြည့် ထိန်းညှိဖို့ အုပ်ချုပ်ရေးတို့၊ အစိုးရတို့ ပေါ်လာရတာဖြစ်တယ်။ စစ်တပ်တို့၊ ရဲတို့၊ တရားရုံးတို့ ဆိုတာလည်း အစိုးရက လူထုပေးထားတဲ့ တာဝန်တွေကို ဖြည့်ဆည်းပေးဖို့ လူထုက အပ်နှင်းထားတဲ့ ယန္တယားအဆောင်အယောင်တွေပဲ ဖြစ်တယ်။ ဒါကြောင့် ဒီဟာတွေကို ပြည်သူ့ဝန်ထမ်း၊ ပြည်သူ့အစေခံလို့ ခေါ်ကြတာပဲ။

ဒါပေမဲ့ ခေတ်အဆက်ဆက်က ဗမာပြည် နိုင်ငံရေးသမား အများစုကတော့ အာဏာကို ရရာနည်းလမ်း နဲ့ယူဖို့ အားထုတ်ခဲ့ကြသလို ရလာပြန်ရင်လည်း လူထုအပ်နှင်းထားတဲ့ စစ်တပ်၊ ရဲ စတဲ့ ယန္တယားတွေကို သုံးပြီး အာဏာတည်မြဲဖို့ လုပ်ကြတယ်။ လူထုအမြင်အတွေး လွဲအောင် လုပ်ကြတယ်။ လူထု သဘောဆန္ဒတွေကို ဖိနှိပ်တယ်။ ဒီနေ့ ဗမာပြည် ရင်ဆိုင် ခံစားနေရတဲ့ ဒုက္ခသုက္ခအပေါင်းဟာ နိုင်ငံရေးသမားတွေရဲ့ ဒုစရိုက်မှု ဖြစ်တဲ့ လူထုဆန္ဒကိုစော်ကားပြီး ပကတိအရှိတရားတွေကနေ သွေဖီဖောက်ပြန်မှုရဲ့ အကျိုးရလာဒ်ဖြစ်တယ်။ အကြောက်တရား ကြီးစိုးနေတဲ့ စစ်အာဏာရှင်တွေ ကိုယ်တိုင် ဒီဒုက္ခ သုက္ခတွေက မလွတ်ကင်းပါဘူး။ ဗမာပြည်မှာ စစ်မှန်တဲ့ဒီမိုကရေစီ ထူထောင်ချင်ရင် နိုင်ငံရေးလောက မှာ ဒီလိုတဲ့ အတွေးအမြင်တွေနဲ့၊ အမူအကျင့်တွေကို ကင်းစင်အောင် လုပ်ရပါလိမ့်မယ်။

ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ကတော့ လူထုသာလျှင် ပဓာနဆိုတဲ့ ပကတိ အရှိတရားကို လက်ခံယုံကြည်ကြတယ်။ ဒါကြောင့် လူထုအပေါ်မှာ ရိုးသားပွင့်လင်းကြတယ်။ ဟန်မဆောင်ဘူး၊ ကယ်တင်ရှင်ဂိုက်၊ တန်ခိုးရှင်ဂိုက် မဖမ်းဘူး။ လူထုကြီးကိုယ်တိုင်က နိုးကြားတက်ကြွ ကြဖို့ပဲ လှုံ့ဆော် စည်းရုံးတယ်။ လူထုသဘောဆန္ဒကိုပဲ ဦးစားပေးတယ်။

လူထုအပေါ် ရိုးသားဖြောင့်မတ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းဟာ လူထုသာပဓာန အယူအဆနဲ့ လူထုအားကို ယုံကြည်တာကြောင့် လူထုနိုင်ငံရေး လုပ်ဖို့ စစ်တပ်ရာထူးကို စွန့်ခဲ့တယ်။ တခြားခေါင်းဆောင် တွေလို စစ်တပ်ကို လုပ်ကိုင်တုတ်လုပ်ပြီး နိုင်ငံရေးလုပ်ဖို့ စိတ်ကူးထဲတောင် မထည့်ခဲ့ဘူး။

ဒေါ်အောင်ဆန်းစုကြည်ဟာ အဖက်ဖက်က ချိန့်နေတဲ့ နောက်ခံအင်အားစုတွေနဲ့ စစ်အုပ်စုကို ဦးဆောင်ရင်ဆိုင်နေတာ ဖြစ်တယ်။ သူ့အသက်ဘေး အကောက်ကြံမှုတွေကိုလည်း အကာအကွယ်မဲ့ ရင်ဆိုင်နေရာသေးတယ်။ တော်ရုံလူဆိုရင် တနည်းမဟုတ်တနည်းနဲ့ တိုက်ပွဲကို စွန့်ခွာသွားမှာပဲ။ တချို့ သူ့ပါတီဝင် ခေါင်းဆောင်တွေ စစ်ကျွန်ခွေးကောက်ပွဲဝင်ပြီး တိုက်ပွဲကို စွန့်ခွာသွားကြတာ လက်တွေ့ပဲ။

သူကတော့ ရန်အန္တရာယ်များတဲ့ တိုက်ပွဲမှာ ဆက်လက်ဆက်ရပ်တည် ဦးဆောင်မှုပေးနေဆဲဖြစ်တယ်။ ဒါကို ထူးကဲတဲ့လူရည်လူသွေးတို့ အသိအမှတ်မပြုလို့ မရပါဘူး။ ဒါကလည်း သူ့ဖခင်လိုလူထုနိုင်ငံရေးနဲ့ လူထု အားကို မမိုတ်မသုံ ယုံကြည်မှုကြောင့် ဖြစ်ပါတယ်။ လူထုအပေါ် ထားတဲ့ စေတနာလိုလည်း ပြောနိုင်ပါတယ်။

## ဒူးမထောက်တဲ့ သူရဲကောင်း

အင်ပြည့်အားပြည့်နဲ့ တပွဲထိုး အောင်ပွဲရအောင် ဦးဆောင်ရတာက လွယ်ကောင်းလွယ်နိုင်ပါတယ်။ ဒါပေမယ့် ဖိနှိပ်အား ပြင်းလွန်းလှတဲ့ ရန်သူကို နှစ်ကာလရှည် ရင်ဆိုင်တိုက်ပွဲဝင်ရာမှာ နောက်လိုက်အဖွဲ့ဝင်နဲ့ ပြည်သူတွေရဲ့ ယုံကြည်မှုနဲ့ မျှော်လင့်ချက်ကို မပျက်စီးအောင် ထိန်းသိမ်းရတာဟာ အလွန်ခက်ခဲတဲ့ အရာ ဖြစ်ပါတယ်။  ဒီတာဝန်တွေကို ဒေါ်အောင်ဆန်းစုကြည် ပြောင်ပြောင်မြောက်မြောက် ထမ်းဆောင်နေပါတယ်။ မူပေါ်မှာ ကြံ့ကြံ့ခံရင်း ရပ်တည်နေတယ်။ လူထုအပေါ်မှာ ရိုးသားပွင့်လင်းစွာနဲ့ ရပ်တည်နေတယ်။

လူထုရဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ ရည်မှန်းအချက်အပေါ် မမိုတ်မသုံ ယုံကြည်မှုကို အချက်များစွာက သက်သေပြနေတယ်။ စစ်အုပ်စုဟာ တိုင်းပြည်အနှံ့မှာ ဖြန့်ကျက်ထားတဲ့ ထောက်လှန်းရေးယန္တယားတွေက တဆင့်ဒီအချက်ကိုသိနေတယ်။ ဒါကြောင့်ဒေါ်စုရဲ့လှုပ်ရှားမှုတွေကို ထိန်းချုပ်ကန့်သတ်ပြီး မျက်စိဒေါက်ထောက် စောင့်ကြည့်နေရတာဖြစ်တယ်။ ဒီလိုမှ မဟုတ်ရင် ဒီပိန်ပါးပါး အမျိုးသမီးတယောက်ကို အရေးတယူပြုစရာ အကြောင်းမရှိပါဘူး။ သွားချင်ရာသွား၊ လုပ်ချင်ရာလုပ် လွှတ်ထားလိုက်ရုံပါပဲ။

ဒါပေမဲ့ ဒီလိုအခြေအနေတွေအပေါ် သူ့ကို တန်ခိုးရှင်လို၊ ကယ်တင်ရှင်လို မျှော်လင့်အားကိုးနေသူ တွေကတော့ ဘဝင်ကျမှာမဟုတ်ပါဘူး။ နားလည်မှုပေးနိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့်သမိုင်းတဖြတ်အမြင်နဲ့ ဗိုလ်ချုပ်အောင်ဆန်းလို ခေါင်းဆောင်အရည်အချင်းမရှိဘူး၊ တာဝန်မကျေဘူးဆိုရင် ဒါဟာ တရားမဲ့တဲ့ ကောက်ချက်ဖြစ်တယ်။ သမိုင်းအမြင်ခေါင်းပါးတဲ့ မှတ်ချက်ဖြစ်တယ်။  နှိုင်းယှဉ်လို့ မရတာကို နှိုင်းယှဉ်တာဖြစ်တယ်။ တန်ဘိုးညှိလို့ မ

ရတာကို တန်ဘိုးညှိတာဖြစ်တယ်။ ပြီးတော့ ဗမာပြည်နိုင်ငံရေးကို တွက်တဲ့အခါ ကိုယ့်ထက် နှစ်တရာကျော်မက ရှေ့ရောက်နေတဲ့ စနစ်နဲ့ ပုံစံတွေက စံပေတံတွေနဲ့ တိုင်းပြီး တည်ကိန်းဘယ်လောက်ရှိလို့ မြောက်ကိန်းဘယ်လောက်ရှိရင် ဘယ်ကာလမှာ ရလာဒ်ဘယ်လောက် ဖြစ်ရမယ် လို့ သတ္တုချလို့ မရပါဘူး။

နိုင်ငံရေးဆိုတာ လက်တွေ့ဆောင်ရွက်ရတဲ့ အနုပညာဆန်တဲ့ ဝိဇ္ဇာပညာ (Politic is an art of Practice) လို့ ဆိုကြတယ်။ လူတွေကိုယ်တိုင်ပါဝင် ပတ်သက်နေလို့ ဖြစ်တယ်။ ဘက်အသီးသီးက လူတွေရဲ့ အတွေးအကြံ၊ အမူအကျင့်၊ ပြောင်းလဲရွေ့လျားနေတဲ့ ပတ်ဝန်းကျင်နဲ့ အပြန်အလှန် ရုန်းကန်းလှုပ်ရှားနေတဲ့ အခြေအနေတွေကြားမှာ အချိန်နဲ့တပြေးညီ ကိုယ့်ရည်မှန်းချက်ကို ပေါက်မြောက်အောင် လုပ်ဆောင်ရတဲ့ အလုပ်ဖြစ်တယ်။ အထူးသတိပြုရမှာက နိုင်ငံရေးမှာ ဘယ်အရာမှ ပုံတူကူးလို့ မရဘူးဆိုတာပဲ ဖြစ်တယ်။ သခ်ႋန်းစာယူလို့ရတယ်၊ နမူနာယူလို့ရတယ်။

## အားလုံးမှာ တာဝန်ရှိတယ်

ဒေါ်အောင်ဆန်းစုကြည်ဟာ တန်ခိုးရှင်မဟုတ်ပါဘူး။ လူပဲဖြစ်ပါတယ်။ လူပီပီ အမှားလည်းကင်းမှာ မဟုတ်ပါဘူး။ ဥပမာ။ ။ (၈၈) ပြီးစ ပါတီတွေဖွဲ့ကြတော့ လူတွေကို မစီစစ်ဘဲ လက်ခံ (သို့မဟုတ်) လက်တွဲခဲ့တယ်။ ရန်သူကို တကယ်မတိုက်ရဲသူတချို့ ခေါင်းဆောင်နေရာ ရောက်လာကြတယ်။ ဗိုလ်အောင်ကြီးဆို ပါတီထဲက တကယ်တိုက်မယ့်သူတွေကို မြင်ပြီး အစောကြီးတည်းက ပါတီက ထွက်ပြေးသွားတယ်။ သူလိုပဲ မိန်းမ ခြင်ထောင်ထဲကနေ ရန်သူ့စခန်းကို ဝိုင်းထားပြီလို့ အထက်ကို သတင်းပို့တတ်တဲ့ မဆလ စစ်ဗိုလ်ဟောင်းတွေလည်း ပါသေးတယ်။ ဒါကိုလည်း အချိန်ဆိုတဲ့ ရေစီးရဲ့ တွန်းတိုက်မှုကြောင့် ဖြစ်တယ်လို့ နားလည်မှုပေးရမှာ ဖြစ်ပါတယ်။ နိုင်ငံရေးသမားတိုင်း မှားတတ်တဲ့ အမှားဖြစ်ပါတယ်။ ပြီးတော့ စိန်ကဲ ကျောက်ကဲထက် လူကဲခတ်ရတာ ပိုခက်ပါတယ်။

ဒီတော့ ခေါင်းဆောင်မှုလည်း ဝေဘန်ရေးက မကင်းလွတ်သင့်ပါဘူး။ ပိုလို့တောင် လိုအပ်ပါသေးတယ်။ ခေါင်းဆောင်မှုရဲ့ အမှားအမှန်ဟာလည်း တိုက်ပွဲရဲ့ အဆုံးအဖြတ် ဖြစ်တတ်လို့ပါပဲ။ ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်ကလည်း အားလုံးရဲ့ အကြံအဉာဏ်တွေကို လိုချင်တယ်လို့ ဖိတ်ခေါ်ထားပါတယ်။ ဒါပေမယ့် ခေါင်းဆောင်မှုကို ဝေဘန်တယ်၊ အကြံပြုတယ်ဆိုတာ လူကြီးလူကောင်းလို တာဝန်ခံမှု၊ တာဝန်ယူမှု ရှိရပါမယ်။ ကျိုးကြောင်းပြ ရှင်းလင်းဖို့လိုပါတယ်။ နာမည်ဝှက်တွေနဲ့ အမှားတွေကိုချည်း အပုပ်ချသလို နင်ဘဲငဆ လူသိရှင်ကြားပြောရင် ရန်သူကို အလုပ်အကြွေးပြုရာ ရောက်ပါတယ်။

တိုက်ပွဲတခုရဲ့ အရှုံးအနိုင် အဆုံးအဖြတ်တခုဟာ ခေါင်းဆောင်နဲ့ နောက်လိုက်တွေကြားက အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုပေါ်မှာလည်း အခြေခံပါတယ်။ ဗျူဟာကြောင့် ရှုံးရင် ခေါင်းဆောင်ရဲ့ တာဝန်ဖြစ်ပြီး၊ အကောင်အထည်ဖော်မှုကြောင့်ရှုံးရင် နောက်လိုက်တွေရဲ့တာဝန်ဖြစ်ပါတယ်။ အနှစ်(၂၀) ကျော် တိုက်ပွဲကာလမှာ ဒေါ်အောင်ဆန်းစုကြည်၊ NLD၊ CRPP စတဲ့ ခေါင်းဆောင်တွေပြောတာကို အထူးသဖြင့် ကျနော်တို့ ပြင်ပ အင်အားစုတွေ ကြေငြာချက်ထုတ် ထောက်ခံတာထက်ပိုပြီး ဘာများအကောင်အထည် ဖော်ခဲ့ကြပါသလဲ။ ဒေါ်စုတို့ခေါင်းဆောင်တွေရဲ့ တောင်းဆိုချက်ကို လက်မခံလို့ စစ်အုပ်စု အကြပ်အတည်းဖြစ် သွားအောင် ဘာတွေများလုပ်ဆောင်နိုင်ခဲ့ကြပါသလဲ။ ခေါင်းဆောင်တွေ အဖမ်းခံရတဲ့အချိန်၊ ဒေါ်စုကို လုပ်ကြံဖို့ ကြိုးစားတဲ့ အချိန်တွေမှာ မြို့တမြို့ကို သိမ်းပြခဲ့ကြသလား။ ဗုံးတလုံး ဖောက်ပြခဲ့ကြသလား။ နအဖရုံးတခုခု (သို့မဟုတ်) ပြည်ပက သံရုံးတခုခုကို လုပ်ငန်းတွေ ရပ်တန့်သွားအောင် ဘာတွေလုပ်ပြခဲ့ကြသလဲ။ ကျနော်တို့ကိုယ် ကျနော်တို့ ပြန်မေးခွန်းထုတ်ဖို့ လိုပါတယ်။ ဒါတွေက ခေါင်းဆောင်တွေ ညွှန်ကြားမှ လုပ်ရမယ့် အလုပ်တွေ မဟုတ်ပါဘူး။ ဒီအနှစ်(၂၀)ကျော် ကြာတဲ့အထိအောင်ပွဲကို မရောက်နိုင်သေးဘူးဆိုတာ ကျနော်တို့ အားလုံးမှာလည်း တာဝန်ရှိပါတယ်။ မောင်းကြီးကျကွဲကာမှ ဥက္ကဋ္ဌကြီး လုပ်ပါဦးလို့ မလုပ်သင့်ပါဘူး။

## လမ်းမဆုံးသေးတဲ့ ဒီမိုကရေစီ (သို့မဟုတ်) နအဖအရှုံး

ဒီကနေ့အခြေအနေဟာ ဒီမိုကရေစီအင်အားစုတွေဘက်က အောင်ပွဲကို အရောက်မလှမ်းနိုင်သေး သလို အာဏာရှင်များဘက်လည်း ဒီမိုကရေစီ အင်အားစုတွေကို အပြီးသတ် မချေမှုန်းနိုင်သေးတဲ့ အခြေအနေ ဖြစ်တယ်။ အာဏာကိုဆုပ်ကိုင်ထားတဲ့ လက်တဆုပ်စာ အာဏာရှင်တွေ လူထုတိုက်ပွဲတွေကို အနှစ်(၂၀) ကြာ တဲ့အထိ အပြီးသတ် မချေမှုန်းနိုင်တာကလည်း တနည်းအားဖြင့် သူ့ရဲ့အရှုံးလို့ ဆိုရမှာပါ။ တိုင်းပြည်ရဲ့ အချုပ်အခြာ၊ အာဏာ၊ ဘဏ္ဍာစတဲ့ ယန္တယားလက်နက်တွေကို ကိုင်တွယ်အသုံးချပြီး နှိမ်နင်းတဲ့ ကြားက လူထုရဲ့ ဆန့်ကျင်အာခံမှုတွေကို အေးငြိမ်းသွားအောင် မလုပ်နိုင်တဲ့ အဖြစ်ပါ။ လက်နက်နဲ့ အုပ်ချုပ်သူတွေက လက်နက်မဲ့ အုပ်ချုပ်ခံတွေကို အနှစ်(၂၀)ကျော် အစွမ်းကုန် ဖိနှိပ်တဲ့အကြားက အာခံမှုတွေ ဆက်လက်ရှိနေသေးတာဟာ စစ်အုပ်စုရဲ့ အရှုံးလို့လည်း ပြောနိုင်ပါတယ်။

ဗိုလ်နေဝင်းရဲ့ စစ်အာဏာရှင်ဒုတိယခေတ်(၁၉၆၂- ၁၉၈၈) ဟာ ဗကပနဲ့ တိုင်းရင်းသား လက်နက်ကိုင် လှုပ်ရှားမှုတွေ ရှိနေတဲ့ကြားက နိုင်ငံတကာမှာ ပုံမှန်ဝင်ထွက်သွားလာရင်း သက်တောင့်သက်သာ အုပ်ချုပ်သွား ခဲ့တယ်။ တတိယစစ်အာဏာရှင်များခေတ် နဝတ/နအဖတို့ကတော့ ဗကပတို့လည်းပြိုကွဲ၊ တိုင်းရင်းသား လက်နက်ကိုင်အများစုတို့လည်း အပစ်အခတ် ရပ်စဲထားတာတောင် အုပ်ချုပ်ရေးဟာ အမြဲတမ်း ယိမ်းထိုးလှုပ် ခတ်နေ

တယ်။ မျက်ကလဲဆန်ပြာဖြစ်နေရတယ်။ သူ့တပ်တွင်းမှာကိုပဲ ဖြုတ်ထုတ်ချုပ်တွေ ဖြုတ်ထုတ်သတ်တွေ ခဏခဏ လုပ်နေရတယ်။ အောက်ခြေတပ်တွေ ထင်ရာကြဲနေတာကိုလည်း ဒီတိုင်းကြည့်နေရတယ်။

(၁၉၉၅) ခုနှစ် နောက်ပိုင်းကစလို့ စစ်အုပ်စုရဲ့ ပြည်တွင်းအုပ်ချုပ်ရေး အာဏာစက်ဟာ သိသိသာသာ ကျဆင်းလာတယ်။ နိုင်ငံတကာမှာက တော့ ဆိုစရာတောင် မရှိဘူး။ နောက်ဆုံး ငြိမ်းချမ်းရေးယူထားတဲ့ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းတွေကို ဖျက်သိမ်းဖို့ နယ်ခြားစောင့်တပ်လုပ်ဖို့ ဆိုတာတောင် မလုပ်နိုင်၊ မလုပ်ရဲတဲ့ အခြေအနေဖြစ်တယ်။ ဒီလို စစ်အုပ်စုရဲ့ နိုင်ငံရေးအာဏာစက်တွေ ယုတ်လျော့ကျဆင်းလာတာဟာ ပြည်တွင်း လူထုတိုက်ပွဲတွေကို အာရုံစိုက်နေရလို့ ဖြစ်ပါတယ်။ လူထုရဲ့ တိုက်ပွဲဝင် စိတ်ဓာတ်တွေ၊ ဒီမိုကရေစီလိုလားတဲ့ ရပ်တည်ချက်တွေကြောင့် ဖြစ်ပါတယ်။ ဒါတွေကလည်း ဒေါ်အောင်ဆန်းစုကြည်၊ NLD၊ CRPP နဲ့ (၈၈) ကျောင်းသားခေါင်းဆောင်တို့ရဲ့ ဒီမိုကရေစီရေး မူအပေါ်မှာ ကြံ့ကြံ့ခံ ရပ်တည်ချက်တွေကြောင့် ဖြစ်တယ်။

## သမိုင်းတဖြတ်အမြင်နဲ့ လူတတ်မလုပ်ချင်ကြနဲ့

ဒီနေ့ စစ်အုပ်စုဟာ အတုအယောင်ရွေးကောက်ပွဲနဲ့ ရုပ်သေးအစိုးရတခုကို သူ့စိတ်တိုင်းကျ ဖော်ဆောင်နိုင်ခဲ့တယ်။ ဒါပေမယ့် ဒါဟာသဏ္ဍာန် အရသာ ပြောင်းလဲမှုဖြစ်တယ်။ အနှစ်သာရကတော့ ပြောင်းလဲနိုင်ခြင်း မရှိသေးပါဘူး။ ဒီမိုကရေစီတိုက်ပွဲထဲက မခိုင်တဲ့ ခေါင်းဆောင်တချို့ကို ဖျားယောင်း ရွေးကောက်ပွဲဝင်စေပြီး လူထုကို မျက်လှည့်ပြဖို့ ကြိုးစားခဲ့ပေမယ့် မအောင်မြင်ပါဘူး။ အနှစ်သာရဖြစ်တဲ့ ဒီမိုကရေစီအရေး လူထုတိုက်ပွဲတွေကို ချုပ်ငြိမ်းသွားအောင် မလုပ်ဆောင်နိုင်ပါဘူး။ ဒီမိုကရေစီအရေး ပန်းတိုင်ကို ဦးတည်နေတဲ့ ဗမာပြည်နိုင်ငံရေး ရေစီးကြောင်းကို တားဆီးနိုင်ခြင်း မရှိပါဘူး။

ဒီလို လူထုတိုက်ပွဲဝင် စိတ်ဓာတ်တွေ ဆက်လက်ရှင်သန်စေတဲ့ အချက်အလက်တွေထဲမှာ ခေါင်းဆောင်မှုက အဓိကခန်းမှာ ပါဝင်ပါတယ်။ ဒါကြောင့် စစ်အုပ်စုရဲ့ ဒီနေ့အရေးတကြီး လက်ငင်းတာဝန်ဟာ ဒီခေါင်းဆောင်မှုရဲ့ နိုင်ငံရေးသိက္ခာ၊ လူထုယုံကြည်ထောက်ခံမှုနဲ့ သြဇာကို ဖြိုဖျက်ရေး ဖြစ်ပါတယ်။ ဗမာပြည် နိုင်ငံရေးလောကမှာ သူတို့ အခန်းကဏ္ဍကို မှေးမှိန်ယုတ်လျော့စေရေးနဲ့ နောက်ဆုံး ချေဖျက်ရေးဖြစ်ပါတယ်။ စစ်အုပ်စုဟာ ဒီခေါင်းဆောင်မှု ဖြိုဖျက်ရေး မအောင်မြင်ယင် ခေါင်းဆောင်တွေကို ပြန်ဖမ်း အမှုဆင် ထောင်ချတဲ့နည်းနဲ့ ထိန်းချုပ်ဖို့ ဖြစ်ပါတယ်။ မကြာခင်လေးကမှ မိတ်ဆွေတယောက် ပို့လာတဲ့ အောင်ထက်အမည်ခံ နေဝင်းမောင်ရဲ့ စာတစောင်ဖတ်လိုက်ရပါတယ်။ အမဲလိုက်ခွေးရဲ့ မှဆိုးအချက်ပြ ဟောင်သံတခုလိုပါပဲ။ စာက ရေးယူပိတ်ဆို့ရေးနဲ့ ပါတ်သက်လို့ NLD ရဲ့ ကျေငြာချက်ကို ရှုတ်ချထားတယ်။ တရားခံအဖြစ် ဦးဝင်းတင်နဲ့ ဦးညဏ်ဝင်းကို အပြစ်ပုံချထားတယ်။ ဒါဟာ ဒီခေါင်းဆောင်တွေကို ဖမ်းဖို့ အချက်ပြထားတာဖြစ်တယ်။

ဒါကြောင့် ဒီလိုတိုက်ပွဲကာလမှာ ခေါင်းဆောင်မှုကို ဝေဘန်တယ်ဆိုတာ အလွန်အန္တရာယ်များပါတယ်။ ရန်သူကို အားပေးသလို ဖြစ်သွားတတ်ပါတယ်။ လိုအပ်စွာ ဝေဘန်မှု ပြုကြရင်လည်း သင့်တင့်လျော်ကပ်တဲ့ နည်းနာလမ်းကြောင်းအတိုင်းသာ ဖြစ်သင့်ပါတယ်။ စင်ပေါ်တက် ငါးစိမ်းသည် ရန်တွေ့သလို မဖြစ်သင့်ပါဘူး။ ပြီးတော့ ဟိုနိုင်ငံ၊ ဒီနိုင်ငံက အဖြစ်အပျက်တွေကြည့် သမိုင်းစာအုပ်ကလေး တအုပ်နှစ်အုပ်ဖတ်ပြီး ဝေဘန်ချက်ပေး၊ ကောက်ချက်တွေပေး ဆိုတာလည်း မဖြစ်သင့်ပါဘူး။ သမိုင်းတဖြတ်အမြင်နဲ့ ကောက်ချက်တွေချ၊ ဟောကိန်းတွေထုတ်၊ လမ်းညွှန်ချက်တွေ ပေးနေတာဟာ တိုင်းပြည်အနာဂါတ်အတွက် အကျိုးထက် အဆိုးက ပိုများတတ်တဲ့အကြောင်း တင်ပြအပ်ပါတယ်။

ရဲဘော်ကျော်သန်း (kyaw_than2004@yahoo.com)
၁၅.၂.၂၀၁၁